**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
*Yangon Protestant Reformed Church*
**တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၈)**

နေ့စွဲ - ၁၆. ၁၂. ၂၀၁၂

*သမိုင်းကဏ္ဍ*

## ဂျွန်ဝှစ်ကလစ် – ရီဖေါ်မေးရှင်း/ပြန်လည်ပြုပြင်ခြင်း၏မိုးသောက်ကြယ်
(John Wycliff - Morning Star of Reformation)

**နိဒါန်း**

၁၆ ရာစုနှစ် အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖော်မေးရှင်း)သည် ဥရောပတိုက်သို့ ရုတ်တရက် ပေါက်ကွဲရောက်ရှိလာသည် မဟုတ်ပါ။ ရှေ့ပြေးအဖြစ်အပျက်များမရှိဘဲ အသစ်စက်စက်ပုံစံနှင့် ရောက်လာသည်မဟုတ်ပါ။ လူသာ၊ ကဲလ်ဗင်း တို့အားဖြင့် ပြုလုပ်သော ဘုရားသခင့်အလုပ်သည်၊ သူတို့မတိုင်ခင် လုပ်ခဲ့ကြသော၊ ခင်းခဲ့ကြသော ဘုရားသခင့် အသုံးပြုခံရသူတို့၏ အလုပ်များပေါ်တွင် အခြေခံကာ ပေါ်ထွက်လာကြခြင်းသာဖြစ်ပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များတွင် အရေးကြီးလှသူ နှစ်ဦးရှိပါသည်၊ တဦးမှာ အင်္ဂလန်နိုင်ငံသား ဂျွန် ဝှစ်ကလစ်(**John Wycliffe**)နှင့် နောက်တဦးမှာ ဘိုဟီးမီးယားနယ်သား(ဘိုဟီးမီးယားနယ်သည် ယနေ့တွင် ချက်သမ္မတနိုင်ငံမှ ပြည်နယ်တခုဖြစ်သည်၊ ထိုစဉ်က လွတ်လပ်သောနိုင်ငံငယ်တခုဖြစ်ခဲ့သည်၊ ဘာသာပြန်သူ) ဂျွန်ဟပ်စ်(**John Hus**)တို့ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံသည် ဝှစ်ကလစ်တို့အချိန်က နေထိုင်ရ ခက်ခဲသောတိုင်းပြည်ဖြစ်ပါသည်။ ပညာရေးကို အထူးဦးစားပေးခဲ့ကြပါသော်လည်း၊ အောင်မြင်ခြင်းလမ်းကြောင်းတို့သည် ကောလိပ်များမှ စကြသည်ဆိုပါသော်လည်း၊ လူအနည်းငယ်သာ ကောလိပ်ကျောင်းတက်နိုင်ကြပါသည်၊ လယ်သမား အများစုဖြစ်သဖြင့်၊ အများစုမှာ ဆင်းရမွဲတေကာ၊ ဝိညာဉ်ရေးရာတွင်လည်း ဗလာဘဝဖြစ်ခဲ့ကြပါသည်။ ထိုခေတ်လူနေမှုဘဝကို စာရေးဆရာတယောက်က ကွင်းကွင်းကွက်ကွက် ရေးထားပါသည်၊- “လယ်သမားတို့သည် ၄င်းတို့ဒေသရှိ ဘုန်းကြီးထံမှ သင်ပေးခြင်းဘာတခုကိုမှ မျှော်လင့်၍မရပါ၊ သို့သော် ထိုသို့သော သင်ပေးခြင်းမျိုးကို နယ်လှည့်ဘုန်းကြီးများထံမှသာ ရပါမည်၊ ထို့အတူ လှည့်လည်သွားလာနေကြသော အပြစ်ဖြေပေးသူထံမှလည်း ကြားရတတ်ပါသည်၊ သို့သော် ကြားရသည်မှာ သူ၏ပိုက်ဆံအိတ်နှင့်အတူ ‘အင်္ဂလိပ်တို့အတွက် ပြည့်စုံသော အပြစ်လွှတ်ခြင်းသည် ရောမမှသာ လာပါသည်။’ ထို့အပြင် ထိုဘာသာရေးလူလည်များအပြင် အင်္ဂလန်နိုင်ငံ၏ လေထန်သော၊ ရွံ့ထူးသောလမ်းများ၊ စိမ်းစိုသော လမ်းသွယ်များတွင်၊- အလယ်ခေတ် ခြေသလုံးအိမ်တိုင်သီချင်းသည်များ၊ ကျွမ်းဘားဖြင့် ဖျော်ဖြေသူများ၊ မျက်လှည့်ဆရာများ၊ သူတောင်းစားများနှင့် ဆရာသမားယောင်ယောင် လိမ်ညာဖြီးဖြန်းကြသူများသည်လည်း သွားလာနေကြကာ၊ ဆင်းရဲသော လယ်သမားများထံမှ မျိုးစုံကို ကလိန်ကျကာ စားဝါးနေခဲ့ကြပါသည်။ လယ်သမားများသည် ခရစ်တော်အကြောင်း ပြောကြသည့်အရာ အနည်းငယ်နှင့် ကျမ်းစာထဲမှ ပုံပြင် အနည်းငယ်တို့ကိုတော့ သိကြပါသည်။ သို့သော် နယ်လှည့်ဘုန်းကြီးတရားဟောဆရာများ၏ ကွန့်ညွှန့်လွန်းသောတရားဟောချက်များကြောင့် ဘာအမှန်၊ ဘာအမှားဆိုသည်ကိုတော့ လုံးဝ နားမလည်ပါ။ သူသည် ကျမ်းစာကိုလည်း အင်္ဂလိပ်ဘာသာဖြင့် တခါမှ မတွေ့ဖူးပါ။ အကယ်၍ တအုပ်တလေကို တွေ့ခဲ့ပါလျှင်လည်း မဖတ်တတ်ပြန်ပါ။”

ထို့အတူ ထိုအချိန်များသည်လည်း ငြိမ်းချမ်းသော၊ တိတ်ဆိတ်ငြိမ်သက်သော အချိန်များလည်း မဟုတ်ခဲ့ပြန်ပါ။ အမြဲတမ်း မငြိမ်သက်မှုများနှင့် ပြည့်နေချိန်ဖြစ်ခဲ့ပါသည်။ ဝှစ်ကလစ်၏ တိုးတောင်းသောအသက်ရှင်ချိန်ကလေးတွင် ဥရောပနှင့် အင်္ဂလန်သည် “မဲနက်သောသေခြင်း”(**black death**)၏ ရိုက်ခတ်မှုကို ခံခဲ့ကြရပါသည်၊ ထိုစဉ်ကလူဦးရေ၏ သုံးပုံတပုံ သေဆုံးခဲ့ကြပါသည်။ ထိုအချိန်လောက်တွင် လယ်သမားစစ်ပွဲ(peasant war)လည်း ဖြစ်ပွားခဲ့ပြန်ရာ၊ အင်္ဂလန်၏အချို့သောအစိတ်အပိုင်းများသည် ဖွတ်ဖွတ်ညက်ညက် ကြေသည်အထိ ဖြစ်ခဲ့ပါသည်။ တတိုင်းပြည်လုံး စီးပွားရေးကမောက်ကမဖြစ်မှု နောက်မှလိုက်လာပြန်သည်။ အသင်းတော်ထဲတွင်လည်း ရှုပ်ထွေးမှုများ၊ အနားမရခြင်းများသာ စိုးမိုးနေခဲ့ပါသည်။ ထိုအချိန်လောက်တွင် ဖြစ်ပါသည်၊ ပုတ်ရဟန်းမင်းသည် ရောမတွင် ကျောင်းမထိုင်ရဘဲ၊ ပြင်သစ်နိုင်ငံ အဲဗစ်နွန်တွင် ရောက်နေရပါသည်။ ပြင်သစ်တို့က အားလုံးကို ချုပ်ကိုင်ထားချိန်ဖြစ်သည်။ ဝှစ်ကလစ် အသက်ရှင်စဉ်တွင်ပင် ထို“အသင်းတော်ဗာဗုလုန်တွင်ကျွန်ခံရခြင်း”ဟုခေါ်ကြသော ပြဿနာကို ဖြေရှင်းနိုင်ကြသော်လည်း၊ အဆုံးသတ်တွင် ပုန်ရဟန်းမင်း နှစ်ပါး ပေါ်လာပါသည်၊ တယောက်က ပြင်သစ်တွင်ဖြစ်ပြီး၊ နောက်တယောက်မှာ ရောမတွင်ဖြစ်သည်။ တဦးနှင့်တဦး အပြန်အလှန်အပုတ်ချကြကာ၊ အသင်းတော်မှ နှင်ထုတ်နေခဲ့ကြပါသည်။ တခါတရံ ပုတ်ရဟန်းမင်း သုံးပါးလည်း ဖြစ်လာတတ်ပါသည်။

**ငယ်စဉ်ဘဝနှင့်ပညာရေး**

ဝှစ်ကလစ်၏ငယ်စဉ်ဘဝအကြောင်းကို အနည်းငယ်သာ သိရပါသည် - သူ့မွေးနေ့ကိုပင် မသိရပါ။ အချို့က ၁၃၂၄ တွင်ဟုပြော၍၊ အချို့က ၁၃၃၀ တွင်ဟု ပြောကြပါသည်။ သူသည် ယော့ရှိုင်းယားပြည်နယ်၊ အနောက်ဖက်ရိုင်းဒင်းဒေသ၊ “ဝှစ်ကလစ်” ဆိုသောရွာငယ်တွင် မွေးဖွားခဲ့ပါသည်။ ထိုစကားလုံးကို သူ့နာမည်အဖြစ်ပေးသဖြင့် သူ့မိဘများသည် ထိုဒေသ၏နယ်စားမျိုးနွယ်များ၊ ချမ်းသာကာ၊ လူရိုသေရှင်ရိုသေဖြစ်သူများဟု သိနိုင်ပါသည်။ သူ့မိဘများအကြောင်းကိုလည်း ထိုမျှသာ သိရပါသည်၊ နောက်

သိရသည်မှာ သူတို့သားက ကျမ်းစာနှင့်ညီသော အိုင်ဒီယာများကို သွန်သင်သောအခါ၊ သားအဖြစ်မှ စွန့်ပစ်လိုက်ကြသည် ဆိုခြင်းကို ဖြစ်ပါသည်။

သူ့အသက် ၁၅၊ ၁၆ နှစ်လောက်တွင် အောက်စဖို့ဒ်(**Oxford**)သို့ ပညာဆက်သင်ရန် ထွက်သွားခဲ့ပါသည်။ သူစာသင်ခဲ့သောနှစ်များသည် ရှည်လျားခက်ခဲလှပါသည်။ ပုံမှန်သင်ရိုးညွှန်းတမ်းတခုလုံးပြီးစီးအောင် သင်ဖို့ပြင်ဆင်သူသည် သူ့အသက် ၃၃နှစ်ရောက်မှ ပြီးဆုံးနိုင်ပါသည်။ ဝှစ်ကလစ်သည် သူ့ဘဝအချိန်အများစုကို အောက်စဖို့ဒ်နယ်၌သာ ကုန်လွန်စေပါသည်။ သူ၏ ဘီအေဒီဂရီကို ၁၃၅၆ တွင် ရရှိသည်။ ဘီဒီ ဒီဂရီကို ၁၃၆၉၊ ဒီဒီ ဒီဂရီကို ၁၃၇၂ တွင် ရရှိခဲ့သည်။ ကြားကာလနှစ်နှစ်တော့ အခြားတွင် စီးပွားရေးအတွက် သွားနေခဲ့ရပါသည်၊ ထိုခုနှစ်များအကြောင်းကို ဘာမှ မသိရပါ။ သူသည် မာတန်ကောလိပ်တွင် သွားရောက် စာသင်ပေးခဲ့ရခြင်းလည်း ဖြစ်နိုင်ပါသည်၊ ၁၃၅၉ - ၁၃၆၀ တွင်ဖြစ်သည်၊ ခရိုက်စ်ကောလိတ်တွင်လည်း ရှိခဲ့မည်ဟု ထင်ရပါသည်။

**တရားဟောဆရာနှင့်အောက်စဖို့ဒ်တက္ကသိုလ်ဆရာဘဝ**

ထိုစဉ်က အောက်စဖို့ဒ်တက္ကသိုလ်သည် ကော်လိပ်(၆)ခုနှင့်ဖွဲ့စည်းထားပါသည်။ တက္ကသိုလ်ဆရာအဖွဲ့ဝင် ၇၅ ဦးရှိသည်၊ အားလုံး ဘုန်းတော်ကြီးများဖြစ်ကြသည်၊ ၎င်းတို့က ကျောင်းသား ၁၅၀၀ ကို သင်ကြားပြသကြသည်။ ပတ်ပတ်လည်တွင် ဘုန်းကြီးကျောင်းများနှင့် ခန်းမများက ဝိုင်းပတ်ထားသည်၊ ၎င်းတို့တွင် ဘုန်းကြီးများနှင့် နယ်လှည့်တရားဟောဆရာများနှင့် ပြည့်နေပါသည်၊ ၎င်းတို့က အချိန်ပြည့် တက္ကသိုလ်ကျောင်းဆရာများကို ဒေါသထွက်စေကြပါသည်။ အောက်စဖို့ဒ်တက္ကသိုလ်သည် ဥရောပတွင် အကောင်းဆုံးဖြစ်သည်၊ ပြင်သစ်နိုင်ငံရှိ တက္ကသိုလ်ကြီးများထက်ပင် သာပါသည်။

၁၃၆၁ တွင် ဝှစ်ကလစ်သည် လင်ကွန်းရှိုင်းယားနယ်၊ ဖီလ်လင်ဂန်ဘုရားကျောင်းအား တာဝန်ယူရသူဖြစ်လာပါသည်၊ သဘောတရားမှာ ထိုနယ်၏အထောက်အပံ့ကို ရရှိသူဖြစ်သည်၊ သူသည် သင်းအုပ်ဖြစ်သော်လည်း ထိုနေသို့သွားစရာမလို၊ ထိုနေရာမှ ဘုန်းတော်ကြီးအတွက် ကောက်ခံသမျှကို သူ့ထံပေးရသည်၊ သူကတော့ အောက်စဖို့ဒ်တွင် ဆက်လက်ပညာသင်ရသည် (၎င်းသည်ထိုခေတ်မှ ထုံးစံတခုဖြစ်ပါသည်)။ ထိုသို့ပြောသဖြင့် သူ၏နယ်မြေကို လုံးလုံး လစ်လျူရှုထားသည်ဟုတော့ မထင်စေချင်ပါ။ ထိုဒေသတွင် တခါတခါတော့ သွားရောက် တရားဟောကြားလေ့ရှိပါသည်။ သူသည် ရိုမန်ကက်သလစ်ဂိုဏ်း၏ လက်တင်မင်္ဂလာရ တရားဟောဆရာဖြစ်ပါသည်။ ၁၃၆၈ တွင် သူ့ကို လုတာဝါ့သ်နယ်သို့ ပြောင်းရွှေ့ပါသည်၊ ထိုနေရာတွင် သူ၏နောက်ဆုံးနှစ်များကို ကုန်ဆုံးစေပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ အောက်စဖို့ဒ်သည် သူ့အဓိကလှုပ်ရှားရာနေရာဖြစ်သည်။ သူ စာသင်ချိန်တလျှောက်လုံး၊ ပြီးသောအခါ၊ ကျောင်းဆရာဘဝတလျှောက်လုံး ထိုနေရာတွင်သာ လှုပ်ရှားခဲ့ပါသည်။ သူ၏ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအားလုံးကိုလည်း အောက်စဖို့ဒ် စာသင်ကျောင်းခန်းများထဲတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သူသည် အင်မတန်ထူးခြားပြောင်မြောက်သော ပရောဖက်ဆာတဦးဖြစ်ပါသည်၊ ပထမတန်းစား တရားဟောဆရာတဦးတော့ မဟုတ်ခဲ့ပါ။

အောက်စဖို့တက္ကသိုလ်ဝင်းထဲတွင် နေထိုင်ကြသော နယ်လှည့်တရားဟောဘုန်းတော်ကြီးများသည် တက္ကသိုလ်၏ ပြော၍ပင်မရလောက်သော စိတ်မကောင်းစရာများကို ဖြစ်စေသူများဖြစ်ပါသည်။ သူတို့သည် ဝှစ်ကလစ်၏ ပထမဆုံးဒေါသထွက်စရာများဖြစ်ကြသည်။ သူသည် “နယ်လှည့်တရားဟောဆရာဘုန်းကြီးများအားဆန့်ကျင်ခြင်း”ဆိုသောစာအုပ်ကို ရေးပါသည်၊ ပြန်လည်ပြုပြင်ခြင်း လိုအပ်နေသည်ဟု ပထမဆုံးတပ်လှန့်သံ ဖြစ်လာခဲ့ပါသည်။

**မျိုးချစ်ပုဂ္ဂိုလ် ဝှစ်ကလစ်**

သို့သော် နိုင်ငံရေးပြဿနာများနှင့်ပတ်သက်သည့် အင်မတန်အရေးပါသောအဖြစ်အပျက်များ ဝှစ်ကလစ်၏ဘဝတွင် ဖြစ်ပျက်ခဲ့ကြပါသည်။ လူ့သမိုင်းတလျှောက် လူတို့၏ပြဿနာအများစုနှင့် တိုင်းနိုင်ငံများ၏ပြဿနာအများစု၏ အခြေခံမှာ ပိုက်ဆံ ဖြစ်ပါသည်။ ထိုခေတ်အင်္ဂလန်နိုင်ငံပြဿနာများ၊ ဝှစ်ကလစ် ပါဝင်ခဲ့သည့်ပြဿနာများလည်း ထိုအတိုင်းသာဖြစ်ပါသည်။ ပြဿနာမှာ အင်္ဂလန်နိုင်ငံ၏ ငွေကြေးအမြောက်အများသည် တိုင်းပြည်မှနေ၍ ပုတ်ရဟန်းမင်းထံ စီးထွက်နေခြင်းပင်ဖြစ်သည် (ပုတ်ရဟန်းမင်းတို့ နေထိုင်ရာသည် အီတလီနိုင်ငံတွင်ဖြစ်သည်)။ ထိုခေတ်က အင်္ဂလန်နိုင်ငံကို အဓိက ချုပ်ကိုင်သူမှာ ရိုမန်ကက်သလစ်ဂိုဏ်းဖြစ်သည်၊ အရင်ခေတ်များတွင် သိပ်မသိသာသော်လည်း၊ ဂျွန် ဘုရင်မင်း လက်ထက်မှစ၍ထိုသို့ဖြစ်လာပါသည်၊ ထိုမင်းက အင်္ဂလန်နိုင်ငံကို ပုတ်ရဟန်းမင်း၏နိုင်ငံတော်ဟု ဆက်သခဲ့၍ဖြစ်သည်၊ ထိုသို့ပြုခြင်းအတွက် သူသည် ယွှင်နှစ်ပေါင်း၂၀၀ ကထက်၊ ပုတ်ရဟန်းမင်း၏ နယ်မြေများကို အပိုင်းစားပေးအပ်ခြင်း ပြန်၍ခံရလာပါသည်။ ထိုသို့ဖြစ်ခြင်းသည် အနိမ့်ခံရခြင်းနှင့် ကောင်းမြတ်သောအင်္ဂလိပ်သူကောင်းများအတွက် သည်းမခံနိုင်လောက်အောင် ဖြစ်ရပါသည်။ ထိုသို့ဖြစ်ခြင်းကြောင့် ပုတ်ရဟန်းမင်းထံ ဆက်သရမည့်ငွေမှာ တနှစ်လျှင်၊ မတ်ငွေ ၁၀၀၀ ဖြစ်ပါသည်၊ မည်သို့မျှ မပေးနိုင်လောက်သောအရည်အတွက်ဖြစ်သည်။ သို့သော် နှစ်စဉ် ထိုပမာဏသည် အင်္ဂလန်နိုင်ငံမှ အခြားနည်းလမ်းများဖြင့် ထွက်နေခဲ့သည်။ ဤသို့ဖြစ်သည်၊ ဘာသာရေးဌာနများကို အမြင့်ဆုံးဈေးပေးနိုင်သူထံ လေလံတင် ရောင်းချခြင်းဖြစ်သည်၊ ရောင်းချ၍ရသည့်ငွေများကို ပုတ်ရဟန်းမင်းကရယူသည်။ ထို့အကြောင်းကြောင့် အင်္ဂလန်နိုင်ငံ၏ ဘာသာရေးဆိုင်ရာ ဌာနအများစုကို၊ သူတို့ရယူထားသောဌာန ရှိသည့်နေရာကိုပင် တခါမှမရောက်ဖူး၊ မတွေ့ဖူးသောနိုင်ငံခြားသားများက ရယူထားကြပါသည်။ ထိုဌာနများကို ပိုင်ဆိုင်သူအချို့တို့မှာ ကလေးငယ်များသာဖြစ်ကြသည်၊ သို့သော် ထိုဘာသာရေးဌာနများသို့ ဝင်ရောက်လာသောအလှူငွေများအားလုံးကိုမူ ထုတ်ယူပိုင်ဆိုင်ကြပါသည်။ ပုတ်ရဟန်းမင်းအား ပေးရမည့်ငွေပေးပြီး ကျန်သည်များကို ယူကြခြင်းဖြစ်သည်။ ပုတ်ရဟန်းမင်းက ဘုန်းတော်ကြီးများကို တနယ်မှတနယ်သို့ ပြောင်းရွှေ့ပေးလေ့ရှိသည်၊ ထိုသို့ပြုသည့်အခါ ပြောင်းရွှေ့ခအဖြစ် တနှစ်စာလခကို ပေးအပ်ရပါသည်။ အပြစ်ခွင့်လွှတ်ဖို့ အပတ်ဖြေခ ငွေကြေးအားလုံး

ကိုလည်း အင်္ဂလန်နိုင်ငံမှနေ၍ ပုတ်ရဟန်းမင်း ဘဏ္ဍာတိုက်ရှိရာသို့ တိုက်ရိုက် လွဲပေးရသည်။ အမှန်ပြောရလျှင် ထိုစဉ်က ရှင်ဘုရင်တဦးရသည့်ဝင်ငွေထက် ပုတ်ရဟန်းမင်းက ငါးဆ ပိုရပါသည်။ ပြဿနာကို ပို၍ဆိုးဝါးစေသည်မှာ ထိုငွေများကို ပြင်သစ် ပုတ်ရဟန်းမင်းထံသို့ ပို့ရခြင်းဖြစ်သည်၊ ပြင်သစ်ပုတ်ရဟန်းမင်းထံမှ နောက်ဆုံးတွင် ပြင်သစ်တို့လက်သို့ ရောက်ပါသည်၊ ထိုအချိန်တွင် ပြင်သစ်နှင့်အင်္ဂလန် စစ်ဖြစ်နေကြသည်။ ထိုသို့ဖြင့် အင်္ဂလန်သည် မိမိရန်သူကို စစ်ပွဲများအတွက် ထောက်ပံ့နေသလို ဖြစ်နေရပါသည်။

ထိုအဖြစ်ကို လုံးဝမခံမရပ်နိုင် ဖြစ်သဖြင့်၊ ပါလီမန်က ဥပဒေမူကြမ်းတခုကို ပုတ်ရဟန်းမင်းအား စွဲချက်တင်ဖို့ထုတ်ပြန်ပါသည်၊- "ဘုရားသခင်က သူ၏သိုးစုကို ပုတ်ရဟန်းမင်းထံ အပ်နှံသည်၊ ကြွေးမွေးပြုစုဖို့ဖြစ်သည်၊ အမွေးရိတ်အမြတ်ထုတ်ဖို့ မဟုတ်၊ ထို့ကြောင့် ရောမကို ပေးရသောအလှူငွေများအား ပြန်လည်စီစစ်ဖို့ အချိန်တန်ပြီဖြစ်သည်။ ပုတ်ရဟန်းမင်း၏အလှူခံ တဦးတယောက်မှ အင်္ဂလန်မြေတွင်မနေရ၊ ဖျားနာခြင်းနှင့်ဒုက္ခိတဖြစ်နေခြင်းမှလွဲ၍ဖြစ်သည်။ မည်သည့်အင်္ဂလိပ်လူမျိုးမှ ရောမ၏အလှူခံ မဖြစ်ရ၊ ရောမ၏ခုံရုံးတွင်မနေရ။"

ထိုပြဿနာအတွင်းသို့ ဝှက်ကလစ် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ သူသည် လက်ကမ်းစာစောင်များ၊ ဆွေးနွေးချက်များကို ရေးသားသူစာရေးဆရာအဖြစ်နှင့်သာ ပါဝင်ခဲ့သည်မဟုတ်ပါ၊ ရှင်ဘုရင့်ကော်မတီဝင်အဖြစ်လည်းပါဝင်ကာ၊ ပုတ်ရဟန်းမင်း၏ကိုယ်စားလှယ်များနှင့်အတူ နယ်သာလန်နိုင်ငံမှဘရူဂျီစ်မြို့သားများနှင့်လည်း တွေ့စုံခဲ့သည်၊ ဖြစ်နိုင်ပါက သူတို့၏ကြားဝင်ဆောင်ရွက်ပေးခြင်းဖြင့် ပြဿနာများကို ဖြေရှင်းနိုင်ဖို့ ကြိုးစားခဲ့ပါသည်။ မျိုးချစ်စိတ်ထက်သန်စွာနှင့် သူသည် ပုတ်ရဟန်းမင်းကို ဆန့်ကျင်ကာ အင်္ဂလန်နိုင်ငံသားတို့၏ အခွင့်အရေးကို ကာကွယ်ခဲ့ပါသည်။

ဘရူဂျီစ်မြို့တွင်နေထိုင်စဉ် ဝှစ်ကလစ်၏ နောက်ပိုင်းဘဝကို လွှမ်းမိုးသည့် အရေးကြီးလှသောအဖြစ်အပျက်နှစ်ခု ဖြစ်ပျက်ခဲ့ပါသည်။ ပထမအဖြစ်အပျက်မှာ ပုတ်ရဟန်းမင်း၏ကိုယ်စားလှယ်များနှင့် ဆက်ဆံရခြင်းဖြစ်သည်၊ ထိုသူများသည် စိတ်မချရသူများ၊ ကလိန်ကကျစ်များဖြစ်ကြသည်ကို တွေ့လာရခြင်းဖြစ်သည်၊ သူတို့သည် အလွန်လောကဆန်သော၊ လောဘကြီးသော၊ ကိုယ်ကျင့်တရားမရှိသော၊ ပျက်ဆီးနေသော၊ ပြင်သစ်ဘုရင်များ၏လက်ကိုင်တုတ်ဖြစ်သော ပုတ်ရဟန်းမင်း၏ ကိုယ်စားလှယ်များဖြစ်ကြသည်ကို တွေ့ရှိလာပါသည်။ ပုတ်ရဟန်းမင်းအပေါ် သူသည် လုံးဝအယုံအကြည် ပျောက်သွားပါတော့သည်၊ ထို့အတူ ကက်သလစ်အသင်းတော်၏ အထက်အောက် ဆင့်ကဲအုပ်ချုပ်မှုကိုလည်း စိတ်ပျက်သွားပါသည်၊ ထိုအချိန်မှစ၍ ၄င်းတို့ကို အထင်သေးဖို့နှင့် ငေါ့ဖို့သာ စိတ်ဝင်စားပါတော့သည်။

ဒုတိယအရေးကြီးသောအဖြစ်အပျက်မှာ ဂေါင့်မြို့စားနှင့် တွေ့စုံခြင်းဖြစ်သည်၊ သူသည်လည်း ဘရူဂျီစ်မြို့သို့အခြားကိစ္စနှင့် ရောက်နေသူဖြစ်သည်။ သူသည် အင်္ဂလန်ဘုရင်ပြီးလျှင် တန်ခိုးအထွားဆုံးဖြစ်သည်။ သူနှင့် မိတ်ဆွေဖြစ်သွားပါသည်၊ ဝှစ်ကလစ်သည် ဂေါင့်မြို့စားကြီး၏သူငယ်ချင်းဖြစ်၍သာ သူ့ကို ကက်သလစ်ဂိုဏ်းလူသတ်သမားများက မသတ်ကြခြင်းဖြစ်ပါသည်။

**ဝှစ်ကလစ် ရိုမန်ကက်သလစ်ဂိုဏ်းအားဝေဖန်သူ**

ဝှစ်ကလစ်၏ အင်္ဂလန်သားတို့၏အခွင့်အရေးကို ခုခံကာကွယ်ခြင်း၊ တိုင်းပြည်၏ဘဏ္ဍာနှင့်နယ်နိမိတ်များကို စောင့်ရှောက်ခြင်းတို့သည် သတ္တိရှိသော၊ ရဲရင့်သောလုပ်ရပ်များဖြစ်ကြပါသည်။ ထိုခုခံကာကွယ်ခြင်းသို့ နက်ရှိုင်းစွာဝင်ရောက်လေ၊ ရိုမန်ကက်သလစ်ဂိုဏ်း၏ ဆင့်ကဲအထက်အောက် အုပ်ချုပ်ခြင်းပုံစံ၏ အကျင့်ပျက်ယိုယွင်းမှုကို ပို၍ရှင်းနေအောင် ဝေဖန်ရေးသားလေ ဖြစ်လာပါသည်။ သူသည် ပုတ်ရဟန်းမင်းကို အန္တိခရစ်ဟု ပထမဆုံးခေါ်သူဖြစ်သည်၊ ထိုနာမည်သည် နောက်ပိုင်းတွင် ဝဲစ်မင်စတာဦးဆောင်သူများက သူတို့၏ ဝဲစ်မင်စတာခံယူယုံကြည်ချက်ထဲတွင် အသုံးပြုခဲ့ကြပါသည်။ ဝှစ်ကလစ်က ပုတ်ရဟန်းမင်းသည် အသင်းတော်တွင် အကြီးဆုံးအာဏာရှိသည်ဆိုသည်ကို လက်မခံပါ။ တိုင်းနိုင်ငံများကို ပုတ်ရဟန်းမင်းက အုပ်ချုပ်ရမည်ဆိုသည်ကိုလည်း ငြင်းပယ်ပါသည်။ ပုတ်ရဟန်းမင်းက လူတို့၏အပြစ်များကို ခွင့်လွှတ်နိုင်သည်ဆိုခြင်းကိုလည်း ငြင်းပယ်ပါသည်။ ဘုရားတရားကြောက်ရွံ့ရိုသေသော ပုတ်ရဟန်းမင်းတို့ကလည်း ထိုသို့သောဩဇာအာဏာမရှိပါဟု ငြင်းပယ်ပါသည်။ ထိုသို့ဖြင့် ဝှစ်ကလစ်သည် တနေရာမှ တနေရာသို့ ပြေးနေကာ၊ ကက်သလစ်ဂိုဏ်းအား နေရာတိုင်းတွင် ဆန့်ကျင်ခဲ့ပါသည်။ သူက "ပုတ်ရဟန်းမင်းဆိုတာ အန္တိခရစ်ဖြစ်တယ်၊ မာနကြီးသူ၊ ရိုမန်ဂိုဏ်း၏လောကဆန်သောဘုန်းကြီးအယုတ်တမာ၊ ကတ်ကြေးလို သူများကို လှီးဖို့၊ သူများပိုက်ဆံအိတ်ကို လှီးဖြတ်ဖို့ ဖြစ်စေတဲ့ကောင်ကြီး၊"ဟု ခေါ်ခဲ့ပါသည်။

ထို့ကြောင့် ထိုကိစ္စများကို ကက်သလစ်ဂိုဏ်းက ပေါ့ပေါ့ကလေးမယူဆရဲတော့ခြင်းသည် အံ့ဩစရာမဟုတ်တော့ပါခြေ။ ပုတ်ကြီးမှနေ၍ အောက်ပိုင်းအဆင့်များအထိ ဝှစ်ကလစ်ကို သတိထားလာကြပါသည်။ အမြင့်ဆုံးအာဏာပိုင်များမှနေ၍ အောက်ဆုံးအဆင့်ထိ ထိုမဟုတ်ကဟုတ်ကပြောသူကို တိတ်ဆိတ်ခိုင်းဖို့ အမိန့်များ ထုတ်ပြန်ကြပါသည်။

ပထမဆုံး ကြိုးပမ်းမှုမှာ သူ့ကို ကင်တာဘရီ၏အကြီးဆုံးဘုန်းတော်ကြီးအားဖြင့် ဆင့်ခေါ်ကာ၊ အင်္ဂလန်နိုင်ငံ၏အမြင့်ဆုံးဘာသာရေးခုံရုံးရှေ့တွင် တရားစီရင်ခြင်းဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသော တွေ့စုံမှုဖြစ်ပါသည်။ ဂေါင့်မြို့စားကြီးလည်း သူ့စစ်တပ်နှင့် တွေ့စုံပွဲသို့ တက်ရောက်ပါသည်၊ ထို့အတူ ဝှစ်ကလစ်ကို ထောက်ခံကြသည့် ငွေကြေးဈေးကွက်မှ လူအမြောက်အများလည်း တက်ရောက်ကြပါသည်။ ဘုန်းတော်ကြီးက မည်သည့်စစ်ဆေးမှုမှမလုပ်ခင်၊ ဂေါင့်မြို့စားကြီးနှင့် အပြင်းအထန်ငြင်းခုံရပါသည်၊ အကြောင်းအရာမှာ ဝှစ်ကလစ် ထိုင်နေရမည်လော? ထနေရမည်လော? ဆိုသောမေးခွန်းအပေါ်ဖြစ်သည်။ ဘုန်းတော်ကြီးက ရိုသေသမှုကို ပြရန် ထရမည်ဟု အခိုင်အမာဆိုသည်၊ မြို့စားကြီးက ထိုင်ရမည်၊ အဘယ့်ကြောင့်ဆိုသော် ဘုန်းတော်ကြီးဆိုသည်မှာ ဘာမှသိပ်အရေးမကြီးပါဟု အခိုင်အမာပြောပါသည်။ ထိုတွေ့စုံပွဲ ရန်ဖြစ်ခြင်းနှင့်အဆုံးသတ်သွားသည်၊ ဘာမှ ရေရေရာရာ မစီရင်လိုက်ကြရပါ။ ထိုနေ့သည် ဖေဖော်ဝါရီ ၁၉၊ ၁၃၇၇ ဖြစ်ပါသည်။

၁၃၇၈ ဧပြီလတွင် အသင်းတော်ခုံရုံးသို့ တခါ ပြန်ခေါ်ပြန်ပါသည်။ ဤအကြိမ်တွင်တော့ ဘုန်းတော်ကြီးအများပါသော ခုံရုံး ဖွဲ့ထားလျှက် ဖြစ်သည်။ ဘုန်းတော်ကြီးများက ဒီတခါတော့ အသေအချာပင် ထိုပွစိပွစိပြောသူကို အဆုံးသတ်နိုင်မည်၊ တရားစီရင်ကာ တခါထဲ ကိစ္စတုန်းပစ်မည်၊ အသင်းတော်ကို စိတ်အနှောက်အယှက်အလွန်ပေးနေသော သူ့စာများကိုလည်း အားလုံးမီးရှို့ပစ်မည်ဟု မောင်းတင်ထားကြပါသည်။ သို့သော် မအောင်မြင်ပြန်ပါ၊ အဘယ့်ကြောင့်ဆိုသော် လူထုကြီးက ဝှစ်ကလစ် ဖက်မှ ထောက်ခံနေကြ၍ဖြစ်သည်၊ ထို့အပြင် ဘုရင်မကြီး၏မိခင်က ဘုန်းတော်ကြီးများထံ အမိန့်ပါးလိုက်ပါသည်၊ အမိန့်မှာ ဘုန်းကြီးများက ဝှစ်ကလစ်အား ကြိုက်သလို စစ်ဆေးပါစေ၊ သို့သော် ပြစ်ဒဏ်မချရ၊ သေဒဏ်မချရ၊ ထိုသို့မဟုတ်က ဘုန်းတော်ကြီးတယောက်မှ ခေါင်းပါလျှက် အိမ်မပြန်ရ ဟူသတတ်။ ထိုအမိန့်ကို ကြောက်လန့်လွန်းကြသဖြင့်၊ လူထုကိုလည်း စိုးရွံ့ကြသဖြင့် တရားစီရင်ခြင်းမလုပ်ဘဲ အားလုံးထွက်ပြေးကြပြန်ပါသည်။ ဘုရားသခင်သည် သူ့အစေခံကို စောင့်ရှောက်ရန် ထူးဆန်းသောလူများနှင့် ထူးဆန်းသော နည်းလမ်းများကို သုံးတတ်ပါသည်။

သို့သော် ၁၃၇၈ သည် ဝှစ်ကလစ်ဘဝအတွက် အလှည့်အပြောင်းဖြစ်ပါသည်။ သင်းအုပ်ဆရာများ ဆုတောင်းချိန်ပြီးလျှင် ပြီးချင်း၊ ဝှစ်ကလစ်သည် ပြောင်းလဲခြင်းပုံစံတမျိုးကို ခံစားရပါသည်။ ထိုအချိန်မှနောက်ပိုင်း နိုင်ငံရေးကို လုံးဝစိတ်မပါတော့ပါ၊ ရှင်ဘုရင်၏အမှုကိစ္စ၊ လယ်ပိုင်ရှင်များ၏အမှုကိစ္စ၊ ၄င်းတို့နှင့်ပုတ်ရဟန်းမင်းတို့အကြား မြေယာပိုင်ဆိုင်ခွင့်နှင့်အခြားနယ်လုမှုများအပေါ် လုံးဝစိတ်မဝင်စားတော့ပါ။ ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ဘုရားသခင့်ခေါ်တော်မူခြင်းကို ခံရသကဲ့သို့၊ သူသည် ရိုမန်ကက်သလစ်ဂိုဏ်း၏ ဆိုးညစ်မှုများသည် လက်တွေ့လုပ်ကိုင်ဆိုးညစ်မှုများတွင်အခြေမခံဘဲ၊ မှားယွင်းသောဩဝါဒများကို ရိုမန်ကက်သလစ်အသင်းတော်က နှစ်ပေါင်းများစွာ လက်ခံကျင့်သုံးခဲ့ကြခြင်းတွင် အခြေခံပါသည်ဆိုသည်ကို စတင်၍တွေ့မြင်လာခဲ့ပါသည်။ ထို့ကြောင့် သူသည် ကျမ်းစာကို စတင်၍နက်ရှိုင်းစွာ လေ့လာပါသည်။ ကျမ်းစာမှပြောသောအမှန်တရားဩဝါဒများကို စတင်၍ ဖွံ့ဖြိုးတိုးတက်ဖို့ ရှာဖွေပါတော့သည်။ ထူးဆန်းအံ့ဩဖွယ်ကောင်းသော နည်းလမ်းများဖြင့် ဘုရားသခင်က သူ့ကို ရိုမန်ကက်သလစ်ဂိုဏ်း၏ ဒေါသမှနေ၍ ကယ်တင်ပေးပါသည်။ ထိုကက်သလစ်ဂိုဏ်းတွင် အသေအချာ အသတ်ခံရမည့်အဖြစ်မှ လွတ်စေကာ၊ ပို၍ကြီးမားသောအရာများအတွက် သူ့ကို ကာကွယ်တော်မူခဲ့ပါသည်။

ထိုပြောင်းလဲခြင်းရောက်ရှိဖို့ ဘုရားသခင်က အခြားအဖြစ်အပျက်တခုကို သုံးပါသေးသည်။ အဖြစ်အပျက်မှာ ဝှစ်ကလစ်သေကောင်ပေါင်းလဲ ဖျားခြင်းဖြစ်သည်။ နယ်လှည့်တရားဟောဆရာဘုန်းကြီးများနှင့် သူ့ကို မကြိုက်သောဘုန်းကြီးများက သူ အသေအချာပင် သေမည်ဟု ယုံကြည်ကြလေသည်။ ထို့ကြောင့် လူနာမေးယောင်ဆောင်ကာ၊ သူတို့ကိုယ်စားလှယ်များကို သူ့ထံ စေလွှတ်ကြသည်၊ တကယ်တမ်းတွင် သူဘယ်တော့သေမည်ကို သိချင်ကြ၍ဖြစ်သည်။ သူတို့က သူရေးခဲ့သမျှအတွက် နောင်တရပါ၊ မသေခင် အသင်းတော်နှင့်ငြိမ်းချမ်းမှုရယူပါဟု အတင်းအကြပ်ပြောဆိုကြပါသည်။ သေလောက်အောင်ဖျားနေသော်လည်း၊ စိတ်ကုန်စရာကောင်းလွန်းသည့် ကက်သလစ်ဘုန်းကြီးများကိုစိတ်ကုန်စွာ ထထိုင်၍ပြန်ပြောလိုက်ပါသည်၊ မထနိုင်သဖြင့် အစေခံတဦးက ကူညီ၍ထိုင်နိုင်အောင် လုပ်ပေးပါသည်၊ ထိုင်လျှက် ထို နယ်လှည့်ဘုန်းကြီးလူလည်များ၊ အရေခြုံဘုန်းကြီးများကို၊ ငါ ပြန်နေကောင်းလာမည်၊ ထို့အပြင် ဘုရားသခင့်အကူအညီအားဖြင့် မင်းတို့ကို ပို၍ဒုက္ခပေးဦးမည်ဟု ကတိပေးကာ အားလုံးကို မောင်းထုတ်လိုက်ပါသည်။

ဘုရားသခင်က တကယ်ပင် သူ့ကို ပြန်ကောင်းလာစေပါသည်။ ပို၍ကြီးမားသောအလုပ်များ သူလုပ်ဖို့ ကျန်ပါသေးသည်။

ဩဝါဒနှင့်ပတ်သက်သောအကြောင်းအရာများဖက်လှည့်ကာ ဝေဖန်ရေးသားဖို့ပြင်ခြင်းသည် ဝှစ်ကလစ်အတွက် အတော်ပင် မလွယ်သောကိစ္စဖြစ်ပါသည်၊ ထိုသို့ပြုရန် ပေးဆပ်ရမည့်တန်ဖိုးကား မနည်းလှပါခြေ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းဖြင့် သူသည် နိုင်ငံရေးလောကမှထွက်ရမည်၊ အင်္ဂလန်သားတို့၏ငွေများ နိုင်ငံပြင်ထွက်ခြင်းအတွက် သူမလုပ်ဆောင်တော့ဘဲ နေရမည်၊ အထူးသဖြင့် မျိုးချစ်တယောက်၏ လူမျိုးရေးလှုပ်ရှားမှုများကို လစ်လျူရှုရမည်ဖြစ်သည်။ ထိုသို့လုပ်သော အခါ၊ ဘုရင်နှင့်ယှဉ်သူ့ကို ထောက်ခံသူများ သူ့ဖက်တွင် မနေကြတော့ဘဲဖြစ်ပါမည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရင်နှင့်ကုန်သည်များက နိုင်ငံရေး၊ လူမျိုးရေးနှင့်ငွေရေးကြေးရေးကိုသာ စိတ်ဝင်စားကြသည်၊ ဩဝါဒကို မည်သူကမျှ ဂရုစိုက်ကြသည်မဟုတ်ပါ၊ (ယနေ့တိုင်အောင်လည်း ကမ္ဘာကြီးသည် ထိုသို့ပင်ဖြစ်နေပါသေးသည်၊ ဘာသာပြန်သူ)။ ထိုသို့ပြုခြင်းကြောင့် ပထမ၊ လူထုကြားတွင် သူ ပေါ်ပြူလာမဖြစ်တော့ပါ။ ထို့နောက် ဂေါင့်မြို့စားကြီးက သူ့အားကာကွယ်ဖို့ စိတ်မဝင်စားတော့ပါ။ နောက်ဆုံး၊ အောက်စဖို့ဒ်တက္ကသိုလ် ပရော်ဖက်ဆာများကလည်း သူ့ကို မထောက်ခံ မကာကွယ်ကြတော့ပါ။

၁၃၈၁ တွင် လယ်သမားအရေးတော်ပုန် ဖြစ်ပွားကာ၊ တတိုင်းပြည်လုံး ထိုပြဿနာအားဂရုတစိုက်ဖြစ်လာစေပါသည်၊ ဝှစ်ကလစ်ကလည်း မည်သို့မျှ အငြိမ်နေ၍မရတော့ဘဲ၊ ပါဝင်ရေးသားပြန်ပါသည်။ သို့သော် မေလ ၁၇၊ ၁၃၈၂ တွင် လန်ဒန်မြို့မှ ဘုန်းကြီးများ ပုတ်ရဟန်းမင်း၏ဆွပေးမှုကြောင့် စုဝေးကာ ဝှန်ဝှစ်ကလစ်၏ ဒုက္ခပေးလွန်းသောသွန်သင်ချက်များကို မည်သို့ကိုင်တွယ်ရမည့်အကြောင်း စည်းဝေးကြပါသည်။ ထိုအစည်းအဝေး စသည်နှင့် မကြုံဖူးသော ငလျှင်ကြီးသာ် လန်ဒန်တမြို့လုံးအား တုန်ခါသွားအောင် လှုပ်ပါတော့သည်။ မြို့ရိုးများ ပြိုကျကုန်သည်၊ ကျောင်းတုံးများဖြင့်ဆောက်သော အဆောက်အဦများမှ ကျောက်တုံးများ လမ်းများပေါ်သို့ မိုးရွာသလို ကျလာကြပါသည်။ ဝှစ်ကလစ်က ထိုငလျှင်သည် သူ့အား စီရင်ချက်ချမည့် အစည်းအဝေးကို ဘုရားသခင်က ပြစ်ဒဏ်ခတ်ခြင်းဖြစ်သည်ဟု အနက်ဖွင့်ပါသည်။ သို့သော် အစည်းအဝေးခေါင်းဆောင် ဘုန်းတော်ကြီးက အစည်းအဝေးကို မဖြစ်မနေဆက်လုပ်မည်၊ အဘယ့်ကြောင့်ဆိုသော် ငလျှင်က ဝှစ်ကလစ်၏သွန်သင်ခြင်းများ ထိုသို့ကျဆုံးမည်ကို နိမိတ်ပေးခြင်းဖြစ်သည်ဟု ပြောကြားပါသည်။ ထို့ကြောင့် ထိုအစည်းအဝေးကို ထိုနေမှစ၍ "ငလျှင်အစည်းအဝေး"ဟု ခေါ်တွင်ခဲ့ပါသည်။

အစည်းအဝေးကို ဆက်လုပ်ဖြစ်ကြပါသည်၊ ဝုစ်ကလစ်ကိုလည်း သေဒဏ်ချမှတ်ပါသည်၊ သို့သော် မည်သူကမျှ ထိုစီရင်ချက်ကို အကောင်အထည် မဖော်ရဲကြပါ။ ထိုအစည်းအဝေးက အောက်စဖို့ဒ်မှ သူ့အားနှင်ထုတ်ရန်အတွက်သာ အောင်မြင်ပါသည်၊ ၎င်းကိုလည်း အောက်စဖို့ဒ်တက္ကသိုလ်က အင်တင်တင်ဖြင့်သာ သဘောတူပါသည်။ ထိုသို့ဖြင့် အောက်ဖဖို့ဒ်မှ အနားယူကာ မိမိအသင်းတော်ရှိရာ လုတာဝါ့သ်မြို့သို့ ပြန်ခဲ့ပါသည်။ ကျန်ရှိနေသော သူ့ဘဝအချိန်များကို ဝုစ်ကလစ်သည် ထိုမြို့အသင်းတော်တွင် တရားဟောခြင်း၊ သင်ပေးခြင်း၊ သူ၏သီသြလောဂျီအား ဖွံ့ဖြိုးတိုးတက်ရန်လေ့လာခြင်းများဖြင့် ကုန်လွန်စေခဲ့ပါသည်။

**ဝုစ်ကလစ်၏သွန်သင်ချက်များ**

အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖော်မေးရှင်း)မတိုင်မီ နှစ်ပေါင်း(၂၀၀)စော၍ အမှန်တရားကို ထိုမျှရှင်းလင်းစွာ ဝုစ်ကလစ် သိမြင်ခဲ့ခြင်းသည် အံ့သြစရာကောင်းလှပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ အောက်စဖို့ဒ်တက္ကသိုလ်တွင် ကျမ်းစာကို တိုက်ရိုက်ဖတ်ခွင့်ရခဲ့၍ဖြစ်ပါသည်။ (ထိုခေတ်က ကျမ်းစာကို အသင်းတော်ပြောသလိုသာယုံကြည်ရပါသည်၊ အသင်းတော်ဆိုသည်မှာ ကက်သလစ်ဂိုဏ်းဖြစ်သည်၊ ဘာသာပြန်သူ)။ အချိန်ကြာလေ၊ ကျမ်းစာကို ဖတ်လေ၊ ပို၍ဖတ်ချင်လေ၊ လေ့လာချင်လေဖြစ်ခဲ့ပါသည်။ နောက်တချက်မှာ သူ တက္ကသိုလ်စတက်စဉ် ထူးခြားလှသော ဆရာနှစ်ဦးအောက်တွင် သင်ခဲ့ရသောကြောင့်ဖြစ်ပါသည်။

ဆရာတဦး၏အမည်မှာ ဂရော့စ်တီးစ်(Grosseteste)ဖြစ်သည်၊ ကက်သလစ်ဂိုဏ်း၏ အကျင့်ပျက်မှုများကို အလွန်မုန်းတီးဆန့်ကျင်သူဖြစ်သည်။ တကြိမ်တွင် သူသည် ရှေ့ဖြစ်သိသလိုနှင့် ဤသို့ရေးခဲ့ပါသည်၊ "ခရစ်တော်၏အလိုတော်ကို ဆန့်ကျင်ပုန်ကန်သော ပုတ်ရဟန်းမင်းနောက်လိုက်ခြင်းသည်၊ ခရစ်တော်နှင့်သူ၏ကိုယ်ခန္ဓာမှ ကွဲရခြင်းဖြစ်ပါသည်၊ လူအားလုံးက ထိုမှားနေသော ခေါင်းဆောင်ကြီးအား လိုက်နေကြချိန် ရောက်ခဲ့သည်ဆိုလျှင်၊ အမှန်တရားမှ ကြီးစွာလမ်းလွဲခြင်း ဖြစ်ကိုဖြစ်လာပါမည်၊ ထိုအခါ ရိုမန်ကက်သလစ်ဂိုဏ်းသည် မျှော်လင့်မထားသော ကွဲပြမှုကြီးနှင့် ကြုံတွေ့ရပါလိမ့်မည်။" သြဇာအာဏာကြီးမားလှသူ အင်နိုးဆင့်ပုတ်ရဟန်းမင်းက ဂရော့စ်တီးစ်ကို သင်၏ တူလေးအား လင်ကွန်းဘုရားကျောင်းကြီး၌ ဘုန်းကြီးအဖြစ်ခန့်ပါဟု ပြောသောအခါ၊ ဂရော့စ်တီးစ်က အပြတ်ငြင်းလိုက်ကာ၊ ယနေ့တိုင် အသင်းတော်တိုင်း၌ မြည်ဟည်းနေသော စကားလုံးများကို ပြောကြားခဲ့ပါသည်၊ "လူဆီဖာ(စာတန်)၏အပြစ်နောက်တွင် အကြီးမားဆုံး ဧဝံဂေလိတရားအား ဆန့်ကျင်လျှက် ဝိညာဉ်များအား ပျက်ဆီးစေသောအပြစ်သည် ယုံကြည်ချက်မရှိသော သင်းအုပ်ဆရာများကို အသင်းတော်များသို့ ခန့်ထားခြင်းဖြစ်သည်။ ဆိုးညစ်သောသင်းအုပ်များသည် မယုံကြည်ခြင်းအားလုံးတို့၏ အရင်းအမြစ်ဖြစ်သည်၊ မှားယွင်းခြင်းများ၊ စည်းမဲ့ကမ်းမဲ့ဖြစ်ခြင်းများအားလုံး၏ မူလအစဖြစ်ပါသည်။"

ဝုစ်ကလစ်၏ ကောင်းမြတ်လှသော နောက်ဆရာတဦးမှာ ထောမတ်စ် ဘရက်ဝါဒင် (Thomas Bradwardine)ဖြစ်ပါသည်။ ထူးချွန်လွန်းသဖြင့် သူ့ကို နက်နဲခြင်း၏ဒေါက်တာကြီး( Doctor Profundus)ဟု နာမည်ပြောင်ပေးထားကြပါသည်။ သင်္ချာပညာနှင့် ဖီလိုဆိုဖီဒဿနပညာတွင် အလွန်ထူးချွန်သလို၊ ကျမ်းစာကို အလွန်လေ့လာ အလွန်သိသူလည်း ဖြစ်ပါသည်။ ထိုဆရာက ဝုစ်ကလစ်ကို ဘုရားသခင့်ကျေးဇူးတော်၏ အကြွင်းမဲ့ထာဝရခွဲခန့်မှတ်သားခြင်းအား သင်ပေးခြင်းဖြစ်သည်၊ ရိုမန်ကက်သလစ်ဂိုဏ်း၏ ပလဲဂျီးယန်းဝါဒကို ဆန့်ကျင်လျှက် သင်ပေးခြင်းဖြစ်သည်။ ဘရက်ဝါဒင်က သူ့ကျောင်းသားများကို ဘုရားသခင်၏ကျေးဇူးတော်သည် ကယ်တင်ခြင်းရဖို့ အခရာကျကြောင်း သင်ပေးကာ၊ လူသား၏လွတ်လပ်ခြင်းဝါဒကို ပြင်းထန်စွာ ဆန့်ကျင်ပါသည်။ သူက ထိုအမှန်တရားများကို ရွေးကောက်ခြင်းနှင့် ကြိုတင်ခွဲခန့်မှတ်သားခြင်းတို့ ရှင်းပြရာ၌ သင်ပေးခြင်းဖြစ်သည်။

ဝုစ်ကလစ် သူ၏သီသြလောဂျီကို သေချာစွာပြုစုသောအခါ၊ လူသာနှင့်ကဲလ်ဗင်တို့လက်ထက်ရောက်မှသာ အသင်းတော်၏သြဝါဒများဖြစ်လာမည့် အမှန်တရားများစွာကို ရှင်းလင်းစွာ ပြုစုခဲ့ပါသည်၊ နှစ်ပေါင်း ၂၀၀ စော၍ဖြစ်ပါသည်။ ဖော်ပြဖို့ ထိုက်တန်လှသော သြဝါဒအနည်းငယ်ကို ရေးပါမည်။ ဝုစ်ကလစ်သည် ရာစုနှစ်အတွင်း ပထမဆုံး ကျမ်းစာ၏သြဇာအာဏာရှိခြင်းအကြောင်းကို သင်ပေးသူဖြစ်သည်၊ ကက်သလစ်ဂိုဏ်းက ကက်သလစ်အသင်းတော်သည် ကျမ်းစာအထက်တွင်ရှိသည်ဟု သွန်သင်သည်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ ဝုစ်ကလစ်က အသင်းတော်ဆိုသည်မှာ ကကသလစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဂိုဏ်းအုပ်များ အဆင့်ဆင့်တည်ရှိနေခြင်းဖြစ်သည် ဆိုသည်ကိုလည်း အပြင်းအထန် ဆန့်ကျင်တိုက်ပွဲဝင်ပါသည်။ သူမှားနှင့် လုံးဝမတူအောင် ဖေါက်ထွက်၍ အသင်းတော်ဆိုသည်မှာ ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သည်၊ ရွေးကောက်ထားသူတို့ဖြင့်သာ ဖွဲ့စည်းထားသည်ဟု သင်ပေးပါသည်။ ထိုအမှန်တရားနှင့်ဆက်စပ်၍ အစိုးရတော်မူသော ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်း ဆိုသည့်အမှန်တရားများကိုလည်း သင်ပေးခဲ့သည်။ ဝုစ်ကလစ်က ထရန်စ်စပ်စတန်တီးရေးရှင်းဝါဒကိုလည်း ဆန့်ကျင်ပါသည်(၎င်းက ရိုမန်ကက်သလစ်ဂိုဏ်းကို အင်မတန် ဒေါသထွက်စေပါသည်၊ ဘုန်းတော်ကြီးက ဆုတောင်းလိုက်သည်နှင့် မုန့်နှင့်စပစ်ရည်သည် ခရစ်တော်၏ တကယ်အသွေးနှင့်အသားပြောင်းသွားသည်ဟုသင်ပေးသော အယူသည်းခြင်းကိုဆိုလိုသည်။) သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် ဝိညာဉ်ရေးအရသာ ခရစ်တော် ပါဝင်ပါသည်ဟု သွန်သင်ခဲ့ပါသည်၊ ထိုအချက်က ဘာကိုဆိုလိုကြောင်း ရှင်းလင်းအောင်တော့ မပြောပြနိုင်ခဲ့ပါ။ သူသည် ရိုမန်ကက်သလစ်ဂိုဏ်း၏ အယူသည်းမှုများဖြစ်ကြသည့် အာပတ်ဖြေခြင်း၊ ဘုရားဖူးခရီးစဉ်များ၏ အစွမ်းသက်ရောက်မှု၊ အပြစ်မှလွတ်ရန် မိမိကိုယ်ကို ညှင်းဆဲခြင်း၊ စသည်တို့ကို လုံးဝ ဆန့်ကျင်ပါသည်။ ကက်သလစ်ဂိုဏ်းက အပြစ်လွှတ်နိုင်သည် ဆိုခြင်းကိုလည်း အတိအကျ ဆန့်ကျင်ကာ၊ အပြစ်ခွင့်လွှတ်ခြင်းသည် ခရစ်တော်ထံမှ တိုက်ရိုက်လာသည်ဟု သင်ပေးပါသည်။ ထိုသွန်သင်ခြင်းအားလုံးသည် နောက်နှစ်ပေါင်း ၂၀၀ အကြာတွင် ရီဖော်မေးရှင်း၏ အဓိကသွန်သင်ခြင်းများ ဖြစ်လာကြပါသည်။

**ကျမ်းစာဘာသာပြန်သူ**

ဝှစ်ကလစ်သည် သူ၏သွန်သင်ခြင်းများကို လက်တွေ့ကျင့်သုံးသူလည်း ဖြစ်ပါသည်။ အောက်စဖို့ဒ်တွင်နေထိုင်စဉ်ကတည်းက ကျမ်းစာကို ဘာသာပြန်ခဲ့ရာ၊ လုတာဝ့်သ်မြို့တွင်လည်း ဆက်လက်ပြန်ဆိုပါသည်၊ ကွယ်လွန်ခါနီးတွင် ကျမ်းစာတအုပ်လုံးပြန်ဆိုပြီးစီးပါသည်။ သူသည် မူရင်း ဂရိ၊ ဟီဗရူးဘာသာများကို မသိသော်လည်း၊ ဝိုလ်ဂိတ်(**Vulgate**)ဟုခေါ်သော လက်တင်ဘာသာပြန်ကျမ်းစာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ သူက အင်မတန်တိကျသောဘာသာပြန်ကို ပထမဆုံးအကြိမ် အင်္ဂလိပ်များမိမိတို့ဘာသာဖြင့် ကျမ်းစာကို ကြားနိုင်ရန် ပေးခဲ့ပါသည်။ ထိုသို့ ရှင်းလင်းလှသော အဓိပ္ပါယ်ကို မိမိတို့နားလည်သော ဘာသာစကားဖြင့် ပထမဆုံးအကြိမ်ကြားရသည့် ထောင်ပေါင်းများစွာသောသူတို့၏ နှလုံးသားများတွင် မည်သို့ခံစားခဲ့ကြရမည်ကို တွေးကြည့်နိုင်ဖို့ ခက်ခဲပါလိမ့်မည်။

ကျမ်းစာများကို ဘာသာပြန်ခြင်းသည်လည်း အလွန်အန္တရယ်များပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကက်သလစ်ဂိုဏ်းက ဒေသခံတို့၏ဘာသာစကားသို့ ပြန်ဆိုခြင်းကို တားမြစ်သောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ ပုံနှိပ်စက်ပင်မပေါ်သေးသော်လည်း၊ လက်ရေးမူဖြင့်၊ ခက်ခဲသော်ငြား၊ အမြောက်အများ ကူးရေးခဲ့ကြပါသည်၊ ယနေ့တိုင်အောင် ဝှစ်ကလစ်၏ကျမ်းစာ၊ လက်ဖြင့်ကူးရေးထားသောစာမူပေါင်း (၁၇၀)ကျော် ကျန်နေပါသေးသည်။

တရားဟောခြင်းသည် အလွန်အရေးပါသည်ကို ဝှစ်ကလစ် အခိုင်အမာ ယုံကြည်ပါသည်၊ ထိုခေတ် ကက်သလစ်ဂိုဏ်းတွင် မကြားဖူးတော့သောအရာဖြစ်သည်။ ဝှစ်ကလစ်သည် သူ့အသင်းတော်တွင်သာ တရားဟောခြင်းမဟုတ်ပါ၊ အောက်စဖို့ဒ်တွင်နေစဉ်ကပင် တရားဟောဆရာများဖြစ်လာရန် လူအများကို သင်တန်းပေးကာ လူထုထံ ဧဝံဂေလိဟောကြားစေပါသည်။ လုတာဝ့်သ်မြို့တွင်လည်း ထိုအလုပ်ကို ဆက်လုပ်ပါသည်။ သူသင်တန်းပေးထားသူများကို ကျမ်းစာများ ပေးလိုက်ကာ၊ လူထုထံ ထိုကျမ်းစာများအား အနက်ဖွင့်ဟောကြားစေပါသည်။ ထိုသို့ လူထုထဲသွားလာတရားဟောသူများကို “လိုလတ်များ”( **Lollards**)ဟု ခေါ်ကြပါသည်။ သူတို့ကို ကက်သလစ်ဂိုဏ်းက ပြင်းထန်စွာနှိပ်စက်ကြသော်လည်း ဆက်လက်၍သာ ဟောကြားကြပါသည်၊ ဝှစ်ကလစ်ကွယ်လွန်ပြီးနောက်တွင်လည်း ဆက်လက် ဟောကြားနေခဲ့ကြပါသည်။ ထိုသို့ပြုကာ ဝှစ်ကလစ်၏သွန်သင်ချက်များကို ဆက်လက်ထိန်းသိမ်းခဲ့ကြသည်မှာ အသင်းတော်ပြန်လည်ပြုပြင်ခြင်း/ရီဖော်မေးရှင်း ဥရောပတိုက်၌ ၁၆ ရာစုတွင် ဖြစ်ပေါ်လာချိန်တိုင်အောင်ဖြစ်ပါသည်။

**ဝှစ်ကလစ်၏အရေးပါမှု**

ဝှစ်ကလစ် အသက် ၅၀ တွင် လေဖြတ်ခဲ့ပါသည်၊ သို့သော် တစိတ်တပိုင်း ပြန်နေကောင်းလာပြန်ပါသည်၊ ထို့ကြောင့် ဆက်လက်၍ စာပေများရေးသားသည်၊ တရားဟောသည်၊ သင်တန်းများပေးသည်၊ သူချစ်သော လိုလတ်တရားဟောဆရာများကို ဆက်လက် သင်တန်းပေးနေခဲ့ပါသည်။

နောက်ဆုံးတွင် အင်္ဂလန်ရှိဘုန်းကြီးများက ဝှစ်ကလစ်နှင့်ပတ်သက်၍ ဘာမှ မလုပ်နိုင်ကြသောကြောင့်၊ ပုတ်ရဟန်းမင်းကိုယ်တိုင်က သူ့ကို တရားစီရင်ရန် ဆင့်ခေါ်ခဲ့ပါသည်။ သို့သော် ဝှစ်ကလစ် လေဖြတ်ပြန်သောကြောင့် မလာနိုင်ကြောင်း စာပြန်ခဲ့ပါသည်။ ထို့နောက် နောက်နှစ်ကြိမ် လေဖြတ်ပြန်ပါသည်၊ နောက်ဆုံးအကြိမ်သည် တရားဟောပလ္လင်မှ တရားဟောနေချိန်တွင်ဖြစ်သည်။ နောက်ဆုံးတွင်တော့ ဤဘဝကို ထားခဲ့ပါတော့သည်၊ ဒီဇင်ဘာလ ၃၁၊ ၁၃၈၄ တွင်ဖြစ်ပါသည်။

သမိုင်းပညာရှင် ဖိလစ်ရှပ် က ဝှစ်ကလစ်အကြောင်းကို သူ၏ “ခရစ်ယာန်အသင်းတော်သမိုင်း”ဆိုသောကျမ်းကြီးတွင် ဤသို့ ဖော်ပြထားခဲ့ပါသည်။ “ဝှစ်ကလစ်သည် သွယ်လျလျ ရိုးစင်းသောဟန်ရှိပါသည်၊ ဘယ်တော့မှ ကျန်းမာသူ မဟုတ်ပါ၊ သို့သော် သူသည် (ကက်သလစ်များကဲ့သို့) ခြိုးခြံခြင်းအကျင့် ကျင့်သူမဟုတ်ပါ။ သူသည် အစားကောင်းကို အလွန်ကြိုက်တတ်ပါသည်။ သူသည် စိတ်မြန်သူဖြစ်သည်၊ စိတ်သဘောရှင်းသူဖြစ်သည်၊ အတွေးရှင်းသည်၊ ကိုယ်ကျင့်တရားအလွန်မြင့်မားသူလည်း ဖြစ်ပါသည်။ သူ့ရန်သူများထံ အင်မတန်ထက်မြက်ပြင်းထန်သည်၊ သို့သော် ဘယ်တော့မှ အောက်တန်းမကျသူ၊ မရိုင်းစိုင်းသူဖြစ်သည်။ သူနှင့်ခေတ်ပြိုင် လူငယ်တဦး၊ ဘုန်းတော်ကြီး အာရွန်ဒဲလ် တရားရုံးတွင် အမှုထမ်းသူတဦးက ‘ဝှစ်ကလစ်သည် ချည့်နဲ့သော ကိုယ်ခန္ဓာနှင့်ဖြစ်ပါသည်၊ သူ့ကိုကြည့်ရသည်မှာ အတော်လေးအားမရှိဟန်တူပါသည်၊ ပြုမူဆက်ဆံခြင်း၌မူ အပြစ်ကင်းစင်လှသူဖြစ်သည်။ အင်္ဂလန်မှ လူကြီးအများစုက သူနှင့်တိုင်ပင်ကြပါသည်၊ သူ့ကို အလွန်ချစ်ကြသည်၊ သူပြောသမျှကို လိုက်ရေးမှတ်ကြသည်၊ သူ့ အသက်ရှင်ပုံကိုလည်း အတုယူတတ်ကြပါသည်။”ဟု ရေးသားခဲ့ပါသည်။

ဂျွန်ဝှစ်ကလစ်သည် ဘုရားသခင်၏ ကြီးမြတ်သောသူ ဖြစ်ပါသည်။ အမြဲတမ်းပညာကြီးလှသော ဘုရားသခင်သည် သူ၏ ဉာဏ်ပညာတော်ဖြင့် ၁၆ ရာစု၊ ရီဖော်မေးရှင်း/အသင်းတော်ပြန်လည်ပြုပြင်ခြင်း ပေါ်လာနိုင်ဖို့ နှစ်ပေါင်းများစွာစော၍ ဝှစ်ကလစ်ကို အသင်းတော်သို့ ပေးခဲ့ပါသည်။ သူ့အလုပ်များသာ မရှိလျှင် ရီဖော်မေးရှင်း ပေါ်လာနိုင်မည်မဟုတ်ပါ။ သူသည် မိုးသောက်ကြယ် အစစ်အမှန်ဖြစ်ပါတော့သည်။ ရိုမန်ကက်သလစ်ဂိုဏ်းက သူ့ကို အလွန့်အလွန် မုန်းတီးလွန်းသဖြင့်၊ သူ အသက်ရှင်စဉ်တွင် ဘာမှမလုပ်နိုင်ခဲ့သော်လည်း၊ သူ၏အရိုးများကိုတော့ အေးခြမ်းစွာ အနားယူခွင့်မပေးခဲ့ကြပါချေ။ အောက်တိုဘာလ ၈ ရက်၊ ၁၄၂၇ တွင် ခွန်စတဲန့်ကက်သလစ်အသင်းတော်ညီလာခံကြီး၌(ထိုညီလာခံကြီးကပင် ဂျွန်ဟပ်စ်ကို တိုင်ပေါ်တွင်မီးရှို့သတ်ဖို့ အမိန့်ပေးပါသည်)၊ ဝှစ်ကလစ်၏ကိုယ်ခန္ဓာကို ပြန်လည်တူးဖော်ကြသည်၊ သူ့အရိုးများကို မီးရှို့ခဲ့ကြပါသည်၊ ထို့နောက် ပြာများကို ဆွစ်မြစ်ထဲသို့ ကျဲခဲ့ကြပါသည်။

နောက်ပိုင်းသမိုင်းပညာရှင်တဦးက အဖြစ်အပျက်ကို ဤသို့ ပြောင်မြောက်လှသော စကားလုံးများဖြင့် မှတ်တမ်းတင်ပါသည်။

သူတို့(ကက်သလစ်များ)က သူ့အရိုးများကို မီးရှို့ကြကာ၊ အနီးတွင် ရေအဟုန်ပြင်းပြင်း စီးဆင်းနေသော ဆွစ်မြစ်ထဲသို့ ပြာများကို မျှောချလိုက်ကြပါသည်။ ထိုမြစ်ငယ်က ပြာများကို အေဗွန်မြစ်ကြီးထဲသို့ ဆောင်ယူသွားပါသည်၊ အေဗွန်မြစ်မှတဆင့် ဆာဗွန်မြစ်သို့ ရောက်ပါသည်၊ ဆာဗွန်မြစ်မှတဆင့် ပင်လယ်ငယ်ထဲသို့ရောက်ပါသည်၊ ထိုမှတဆင့် သမုဒ္ဒရာကြီးထဲ ရောက်သွားပါတော့သည်။ ထိုသို့ဖြစ်သွားသည့် ဝှစ်ကလစ်၏ အရိုးပြာများသည် သူ့ဩဝါဒများပြန့်ပွားပုံ၏ နိမိတ်ပုံဖြစ်ပါသည်၊ ၎င်းတို့သည်လည်း တကမ္ဘာလုံးသို့ ပြန်နှံ့ခဲ့ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

*<u>သီြသလော် ဂျီကဏ္ဍ</u>*

## ဘုရားသခင်၏ အရာခပ်သိမ်းအားသိတော်မူခြင်းအကြောင်း

(God's Omniscience)

ဘုရားသခင်သည် မသဲမကွဲ ဝိုးတိုးဝါးတား(vague) ပုဂ္ဂိုလ်မဟုတ်ပါ၊ ခံစားမှုမရှိသော တန်ခိုးစွမ်းအင်တမျိုး (impersonal power)လည်း မဟုတ်ပါ။ မိမိကိုယ်ကိုမသိနိုင်သောသတ္တဝါ(being without self-consciousness)လည်း မဟုတ်ပါ။ သူသည် ခံစားချက်နှင့်ဖြစ်သော/မိမိကိုယ်ကိုသိသော အနှစ်သာရ(personal essence) ဖြစ်တော်မူပါသည်။ သူသည် တကယ့်သက်ရှိ ပင်ကိုယ်စရိုက် သဘောသဘာဝရှိသောသူ၊ ရှိသည်မှ အကြွင်းမဲ့သဘောဖြင့် ရှိသူ ဖြစ်တော်မူပါသည်(absolute personality)။ ထိုအမှန်တရားသည် ဖွင့်ပြချက်/ဖေါ်ပြချက်(revelation)ဆိုသောအိုင်ဒီယာနှင့် ဆက်နွယ်နေပါသည်။ ဖွင့်ပြချက်/ဖေါ်ပြချက် ဆိုသည်မှာ ဘုရားသခင်က သူ့အကြောင်းကို ဖန်ဆင်းခံတို့ထံ ပြောပြခြင်း ဖြစ်ပါသည်။ ထိုသို့ သူ့အကြောင်းပြောပြသည် ဆိုသောအချက်က သူသည် ထာဝရကာလကထဲကပင် သူ့ကိုယ်သူထဲ၌ အကန့်သတ်မဲ့အနန္တစကားဖြင့် ပြောနေခဲ့ပြီးဖြစ်သည်ကို ညွှန်းဆိုနေပါသည်။ ထိုအချက်က ဘာကိုထပ်ပြောသနည်းဆိုသော်၊ ဘုရားသခင်သည် ဖန်ဆင်းခံသတ္တဝါများမရှိလျှင်လည်း၊ ဖန်ဆင်းခံများနှင့် ဆက်နွယ်၍မဟုတ်လျှင်လည်း မိမိကိုယ်ကို သိတော်မူပါသည် ဆိုသောအချက်ကို ဖြစ်သည်။ ဘုရားသခင်၏သဘောသဘာဝကိုယ်၌က ခံစားချက်ရှိခြင်း/မိမိကိုယ်ကိုသိခြင်း ဖြစ်ပါသည်။ သူသည် အကြွင်းမဲ့ မိမိကိုယ်ကို သိသူဖြစ်သည်။ ၎င်းအမှန်တရားသည် ယေဟောဝါ ဆိုသောနာမည်၌ ပေါ်လွင်နေပါသည်၊ ငါ ဖြစ်သည့်အတိုင်း ငါ ဖြစ်သည်။ ဘုရားသခင်က သူ့ကိုယ်သူ ငါ ဖြစ်သည့် အတိုင်း ငါ ဖြစ်သည်ဟု ဖွင့်ပြနိုင်ခြင်းက၊ သူသည် ထာဝရကထဲကပင် မိမိကိုယ်ကိုသိတော်မူသူ(self-conscious being)ဖြစ်သည်ဟု ပြောနေပါသည်။

ထိုအချက်က လူတိုင်းထဲတွင်ရှိနေသည့် ဘုရားသခင်အားသိနိုင်ခြင်းဆိုသည့် မိမိကိုယ်ကို သက်သေခံနေတော်မူခြင်းနှင့် ဆက်စပ်နေပါသည်။ ဘုရားသခင်သည် လူတိုင်းကို သခင်အဖြစ်၊ တရားသူကြီးအဖြစ် မျက်နှာချင်းဆိုင် တွေ့စုံတော်မူသည်။ အသက်မရှိသော တန်ခိုးစွမ်းအင်တမျိုးအနေနှင့် ဘယ်တော့မှ လူတိုင်းကို မဆက်ဆံပါ။ ရုပ်တုဆင်းတုကိုးကွယ်သူများပင် "သူတို့နှလုံးသားများထဲတွင် ရေးထားသော ပညတ်တော်၏အလုပ်များကို ပြနေပါသည်၊ သူတို့၏ ဩတ္တပ္ပစိတ်များကလည်း သက်သေခံနေပါသည်၊ ထို့အပြင် ယ္ခုချိန်တွင် သူတို့၏အတွေးအခေါ်များဖြင့် တဦးကိုတဦး၊ စွပ်စွဲကြလျှက် (သို့) ခွင့်လွှတ်နေကြပါသည်" (ရောမ ၂း ၁၅)။ ကျမ်းစာတလျှောက်တွင် ဘုရားသခင်သည် ကျွန်တော်တို့ထံသို့ အကြွင်းမဲ့ပုဂ္ဂိုလ်တဦးအဖြစ်နှင့် ဖွင့်ပြဖေါ်ပြနေပါသည်။ သူ တွေ့သည်၊ ကြားသည်၊ ရှာဖွေသည်၊- သူ အုပ်ချုပ်သည်၊ တရာစီရင်သည်၊- သူ တွေးသည်၊ အလိုဆန္ဒရှိသည်၊- သူနှင့်အတူ ဥာဏ်ပညာနှင့်နားလည်သဘောပေါက်ခြင်း ရှိနေပါသည်၊ ကြံစည်ခြင်းနှင့်ရည်ရွယ်ချက် ရှိပါသည် (ယောဘ ၁၂း၁၃၊ သုတ္တံ ၈း၁၄)။ သူသည် သူကြိုက်သည်ကို လုပ်ပါသည် (ဆာလံ ၁၁၅း၃)။ လူတိုင်းကို သူတို့အလုပ်နှင့်အညီ တရားစီရင်သည် (၁ပေ ၁း၁၇)။ ဘုရားသခင်၌ အကန့်သတ်မဲ့အသိပညာနှင့် နားလည်သဘောပေါက်ခြင်း ရှိသည်၊ အကြွင်းမဲ့အစိုးရသော အလိုဆန္ဒရှိပါသည်။

ထို့အပြင် ကျမ်းစာက ဘုရားသခင်၏အသိပညာအကြောင်းကိုလည်း ဆက်ပြောပါသည်။ အဘယ့်ကြောင့်ဆိုသော် "ဘုရားသခင်သည် အသိပညာရှိသောဘုရားဖြစ်သည်၊ သူ့အားဖြင့် လုပ်ကိုင်ခြင်းများကို တိုင်းတာရပါသည်၊" (၁ရာ ၂း၃)။ ယောဘကလည်း နာမည်ကျော်ပြောဆိုခြင်းအနေဖြင့် မေးခွန်းမေးခဲ့ပါသည်၊ "ဘုရားသခင်ကို မည်သူက အသိပညာသင်ပေးမည်နည်း?" (ယောဘ ၂၁း၂၂)။ "လူသားတို့အား အသိပညာကို သင်ပေးသူက မသိဘဲနေမည်လော? ဘုရားသခင်သည် လူသား၏အတွေးတို့ကို သိတော်မူပါသည်၊ ၎င်းတို့သည် အချည်းနှီးမဲ့ခြင်းများသာဖြစ်ကြောင်း သိတော်မူပါသည်၊" (ဆာလံ ၉၄း၁၀-၁၁)။ "ဘုရားသခင်သည် ဉာဏ်ပညာကို ပေးတော်မူပါသည်၊ သူ၏နှုတ်တော်မှ အသိပညာနှင့်နားလည်ခြင်း ရောက်လာပါသည်၊" (သုတ္တံ ၂း၆)။ "ဘုရားသခင်သည် ဉာဏ်ပညာဖြင့် ကမ္ဘာမြေကြီးကို တည်ထောင်ခဲ့ပါသည်၊ နားလည်ခြင်းဖြင့် သူသည် ကောင်းကင်တို့ကို တည်ထောင်တော်မူခဲ့ပါသည်။ အသိပညာဖြင့် ဘုရားသခင်သည် နက်ရှိုင်းသောနေရာတို့ကို ခွဲဖွင့်ခဲ့ပါသည်၊ မိုးတိမ်တို့အား နှင်းတို့ကိုကျခိုင်းပါသည်။" (သုတ္တံ ၃း၁၉-၂၀)။ ဘုရားသခင်သည် မည်သူနှင့်မျှ မတိုင်ပင်ဘူးပါ၊ မည်သို့တရားစီရင်ရမည်ဆိုသည်ကိုလည်း သူ့အား မည်သူကမျှ မသင်ပေးပါ၊ အသိပညာနှင့် နားလည်သဘောပေါက်ခြင်းတို့ကိုလည်း သူ့ကို မည်သူကမျှ မပြပါ (ဟေရှာ ၄၀း ၁၄)။ ထို့ကြောင့် တမန်တော်ပေါလုက " အိုး၊ ဘုရားသခင်၏ အသိပညာနှင့်ဉာဏ်ပညာတော် နှစ်မျိုးလုံး၏ကြွယ်ဝခြင်းသည် နက်ရှိုင်းလှပါသည်တကား! "ဟု အာမေဋိတ်ပြုခဲ့ပါသည်(ရောမ ၁၁း၃၃)။

ကျမ်းစာက ဘုရားသခင့်၏စိတ်(mind) ဆိုသည်ကိုလည်း ပြောပြပါသည်။ “မည်သူသည် သခင်ဘုရား၏စိတ်ကို သိပါသနည်း?”(ရောမ ၁၁း၃၄၊ ၁ကော ၂း၁၆)။ မကြာမကြာ ကျမ်းစာက ဘုရားသခင်၏နားလည်ခြင်းဟု ဖေါ်ပြတတ်ပါသည်။ ၁၃၉ ခုမြောက်သော ဆာလံကို ရေးသားသူသည် ဘုရားသခင်၏ နက်ရှိုင်းလှသောအသိပညာကို အံ့ဩတကြီးဖြစ်နေပါသည်၊ သူ့အတွေးများကို အဝေးကပင် သိနေသဖြင့်ဖြစ်သည်။ ဘုရားသခင်သည် နှလုံးသားများကို ရှာဖွေစစ်ဆေးပါသည်၊ အတွေးအားလုံး၏စိတ်ကူးများကို သိတော်မူပါသည် (၅ရာ ၂၈း၉)။ ဘုရားသခင်သည် သူ၏သိနားလည်ခြင်းဖြင့် မာနကြီးသူကို ရိုက်နှက်ပါသည် (ယောဘ ၂၆း၁၂)။ ထို့အပြင် သူ၏ သိနားလည်ခြင်းသည် အကန့်သတ်မဲ့အနန္တဖြစ်ပါသည်။ ၄င်းကို ရှာဖွေတွေ့ရှိ၍ မကုန်ခန်းနိုင်ပါ (ဆာလံ ၁၄၇း၅၊ ဟေရှာ ၄၀း၂၈)။ ကျမ်းစာက ဘုရားသခင်၏ အတွေးများ ဆိုသည်ကိုလည်း ပြောပြပါသည်၊ “ထာဝရဘုရား၏ ပြဋ္ဌာန်းတော်မူခြင်းသည် ကာလအနန္တနှင့်ဆိုင်၍ စိတ်နှလုံးတော်၏ အကြံအစည်(အတွေး)တို့သည် သားစဉ်မြေးဆက် အဆုံးတိုင်အောင် တည်ကြလိမ့်မည်” (ဆာလံ ၃၃း၁၁)။ ဘုရားသခင်၏အစေခံသည် ကြီးသောလူစုလူဝေးကြီးရှေ့တွင် နာမတော်ကို ချီးမွမ်းလျှက် ဤသို့ အာမေဍိတ်သံ ပြုခဲ့ပါသည်၊ “အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား အကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့ဩဘွယ်အမှုတို့နှင့်ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌ အစဉ်အတိုင်းလျှောက်၍ မကုန်နိုင်ပါ။ အကျွန်ုပ်ထုတ် ဘော်ကြားပြောမည်ဟုဆိုသော်၊ ရေတွက်၍ မကုန်နိုင်အောင် များလှပါ၏။” (ဆာလံ ၄၀း၅)။ ကမ္ဘာပေါ်တွင် ပြုတော်မူသော ဘုရားသခင်၏တရားစီရင်ခြင်းများကို တွေးတောဆင်ခြင်၍ ဆာလံ ၉၂ ရေးသားသူက ဤသို့ အာမေဍိတ်သံ ပြုခဲ့ပြန်ပါသည်၊ “အို ဘုရားသခင်၊ ကိုယ်တော့်အလုပ်များသည် မည်မျှကြီးမြတ်လှပါသနည်း! ကိုယ်တော့်အတွေးတို့သည် နက်ရှိုင်းလှပါသည်”(၄ယ် ၅)။ ဆာလံ ၁၃၉ ကိုရေးသားသူ ကဗျာဆရာက ဂျေဟောဗား၏အတွေးများသည် သူ့အတွက် အလွန်အဖိုးတန်ကြပါသည်ဟု တွေ့မြင်ခဲ့ပါသည်(၄ယ် ၁၇)။ ထိုသို့ဆိုသော်လည်း ဘုရားသခင့်အတွေးတို့သည် လူတို့၏အတွေးများနှင့် မတူကြပါ။ ကောင်းကင်အထပ်ထပ်သည် မြေကြီးထက် မြင့်သလို၊ ဘုရားသခင်၏အတွေးတို့သည်လည်း လူသားတို့၏အတွေးများထက် အပုံကြီးမြင့်ကြပါသည်(ဟေရှာ ၅၅း၈-၉)။

မကြာမကြာ ကျမ်းစာက ဘုရားသခင်၏အကြံအစည်(counsel)အကြောင်းကိုလည်း ပြောပြတတ်ပါသည်။ ဘုရားသခင့်အကြံအစည် ထာဝရတည်မြဲသည် (ဆာလံ ၃၃း၁၁)။ ဘုရားသခင်သည် အကြံအစည်တွင် အံ့ဩစရာဖြစ်သည်(ဟေရှာ ၂၈း၂၉)။ သူသည် ကြံစည်ခြင်းတွင် ကြီးမြတ်သည်၊ လုပ်ကိုင်ခြင်းတွင် ခွန်အားကြီးသည် (ယေရမိ ၃၂း၁၉)။ သူသည် အရာခပ်သိမ်းကို သူ၏ကိုယ်ပိုင်အလိုဆန္ဒ၏အကြံအစည်အတိုင်း ပြုလုပ်ပါသည် (ဧဖက် ၁း၁၁)။ သူ၏အကြံအစည် မပြောင်းနိုင်ကြောင်းကို သူသိပါသည်(ဟေဗြဲ ၆း၁၇)။ ဘုရားသခင်၏ဆုံးဖြတ်ပြီးအကြံအစည်အရ ခရစ်တော်သည် အပ်နှံခြင်းခံရခြင်းဖြစ်သည် (တမန် ၂း၂၃)၊ ပေါလုသည် ဘုရားသခင်၏အကြံအစည်အလုံးစုံ(the whole counsel)ကို ကြေညာဖို့ မရှက်ခဲ့ပါ(တမန် ၂၀း၂၇)။ ဘုရားသခင့်အကြံအစည်သာ ဖြစ်တည်မည်ဖြစ်သည်၊ သူသည် သူအလိုရှိသည်မှန်သမျှကို ပြုလုပ်ပါသည် (ဟေရှာ ၄၆း၁၀)။

ထို့အတူ ကျမ်းစာက ဘုရားသခင်၏ ကောင်းသောအလိုဆန္ဒ(good pleasure)၊ ရည်ရွယ်ချက်၊ အလိုတော်(will)စသည်တို့ကိုလည်း မကြာမကြာပြောပြလေ့ရှိပါသည်။ ပေါလုက သူသင်ပေးသည့် ကယ်တင်ခြင်းတွင်ထားရှိသော ဘုရားသခင်၏အကြွင်းမဲ့အစိုးရတော်မူခြင်းသြဝါဒအား ငြင်းပယ်ခြင်းကို ဤသို့ အနက်ဖွင့်ပါသည်၊ “ထိုအခါ ဘာကြောင့် သူသည် အပြစ်ရှာနေရသနည်း?ဟု သင် ငါ့ကိုပြောပါလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် မည်သူက သူ၏အလိုတော်ကို ခုခံတားဆီးနိုင်ပါသနည်း?”(ရောမ ၉း၁၉)။ အရာအားလုံးသည် ဘုရားသခင်၏အလိုတော်ဖြင့်ချမှတ်သော အကြံအစည်များအတိုင်း ဖြစ်လာကြပါသည်။ သူ့အလိုဆန္ဒ၏ကောင်းသောလိုချင်မှုအရ ဖြစ်လာကြပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကို သခင်ခရစ်တော်အားဖြင့် သူ၏ မွေးစားသားသမီးများ ဖြစ်လာကြရန် ကြိုတင်ခွဲခန့်မှတ်သားပါသည်။ သူသည် သူ၏နက်နဲသောအလိုဆန္ဒကိုလည်း ကျွန်တော်တို့ကသိလာနိုင်ရန် ဖွင့်ပြ/ဖေါ်ပြပေးပါသည်။ သူ၏ကောင်းသောအလိုဆန္ဒအရ သူ့ဘာသာသူထဲတွင် ထားရှိသော သူ့ရည်ရွယ်ချက်များကို သိလာနိုင်ကြရန် ဖွင့်ပြ/ဖေါ်ပြပေးပါသည် (ဧဖက် ၁း၁၁၊ ၅၊ ၉)။

ထိုအလိုဆန္ဒသည် သူ၏ရည်ရွယ်ချက်လည်း ဖြစ်ပါသည်၊ ၄င်းအားဖြင့် သူသည် သူ့လူများကို ခေါ်ပါသည်(ရောမ ၈း၂၈၊ ၂တိ ၁း၉)။ ရွေးကောက်ခြင်းအရထားရှိသော သူ၏ရည်ရွယ်ချက် ရပ်တည်နေပါမည် (ရောမ ၉း၁၁)။ ထို့အပြင် ဘုရားသခင်၏ အလိုဆန္ဒ(will)သည် ကိုယ်ကျင့်တရားတည်ဆောက်နိုင်သောဖန်ဆင်းခံ(moral creatures)တို့ မည်သို့အသက်ရှင်ရမည်နည်း ဆိုသည်၏စံနှုန်း(standard)လည်း ဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်၏အလိုဆန္ဒကို လုပ်ကိုင်သူသည် ကောင်းကင်နိုင်ငံတော်ကို ဝင်ရောက်ရကာ၊ ထိုနေရာတွင် ထာဝရနေရမည်ဖြစ်သည် (မဿဲ ၇း၂၁၊ ၁ယော ၂း၁၇)။ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ယုံကြည်သူများအတွက် ဘုရားသခင့်အလိုဆန္ဒအရ ကြားဝင်ဆုတောင်းပေးပါသည်(ရောမ ၈း၂၇)။ ကျွန်တော်တို့သည် မည်သည်တို့က ကောင်းမြတ်ကြောင်း၊ လက်ခံထိုက်ကြောင်း၊ ဘုရားသခင့်ပြည့်စုံသောအလိုဆန္ဒနှင့်ကိုက်ညီကြောင်းကို ရှာဖွေသက်သေပြ(prove)ကြရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ဘုရားသခင်၏ ကိုယ်ပိုင်(personal)သဘောသဘာဝများအကြောင်း ပြောကြသည့်အခါ၊ သူ၏ ဉာဏ်ပညာ၊ အလိုဆန္ဒ၊ အသိပညာ စသည်တို့ကိုပြောကြသည့်အခါ၊ ဘုရားသခင်၏သဘောသဘာဝ ဂုဏ်လက္ခဏာများသည် ကျွန်တော်တို့၏ ဂုဏ်လက္ခဏာများနှင့်မတူကြောင်း မမေ့ဖို့ အလွန်အရေးကြီးပါသည်။ မဟုတ်ပါက သူသည် လူနှင့်သိပ်မခြားပါဟု မှားယွင်းစွာ ယူဆမိလာမည်ဖြစ်သည်။ လူတွင် စိတ်၊ အလိုဆန္ဒ စသည်တို့ဖြစ်ပွားစေနိုင်သည့် အာရုံခံစားနိုင်စွမ်းများ ရှိပါသည်၊ သို့သော် ဘုရားသခင့်ထံ၌ ကျွန်တော်တို့နှင့်တပုံစံထဲ ဖြစ်သည်မဟုတ်ပါ။ ဘုရားသခင်သည် သူ့ဘာသာသူ ဖြစ်လာသူဖြစ်သည်၊ အမှီခိုမဲ့လွတ်လပ်သူ ဖြစ်သည်။ သူသည် ထာဝရဖြစ်သည်၊ အကန့်အသတ်မဲ့အနန္တဖြစ်သည်၊ ထို့အတူ သူ့အသိပညာ၊ အလိုဆန္ဒတို့လည်းဖြစ်ကြသည်။ သူသည် မပြောင်းလဲသူဖြစ်သည်၊ ထို့အတူ သူ့စိတ်နှင့်အလိုဆန္ဒလည်း မပြောင်းမလဲဖြစ်သည်။ ထိုအရာတို့အပေါ်တွင် သူ၏ ရိုးစင်းခြင်းသဘောသဘာဝ(simplicity)ကိုလည်း သတိရရပါမည်။ သူသည် တစ်(one)ဖြစ်သည်၊ သူ့ထံတွင် ကွဲပြားနေ

ခြင်းနှင့် အစိတ်အပိုင်းများပေါင်းစပ်ထားခြင်း ဆိုသည်မျိုး မရှိပါ။ သူ့ထံတွင် သူ၏ကောင်းမြတ်ခြင်းများနှင့်တန်ခိုးစွမ်းအားများသည် တစ်(one) ဖြစ်ပါသည်။ သူသည် သူ၏သဘောသဘာဝများဖြစ်ကြပါသည်။

ထိုအချက်များကို သတိရကာ၊ ထိုအချက်များကို ဘုရားသခင်၏အသိပညာနှင့်အလိုဆန္ဒသို့ ထည့်သွင်းစဉ်းစားလိုက်လျှင်၊ နိဂုံးချုပ်ရမည်မှာ၊ သူ၏စိတ်(mind)အကြောင်း ပြောခြင်းသည် ထာဝရဖြစ်ခြင်းဖြင့်၊ လွတ်လပ်အမှီခိုကင်းစွာဖြင့်၊ မပြောင်းလဲနိုင်စွာဖြင့် သိသော၊ နားလည်သော၊ တွေးသော ဘုရားသခင်၏အကြောင်းကို ပြောနေခြင်းသာဖြစ်ပါတော့သည်။ ဘုရားသခင်၏ အသိပညာသည် သိနေသောဘုရားသခင်ဖြစ်သည်။ ဘုရားသခင်၏အသိဉာဏ်(intellect)သည် တွေးနေသောဘုရားသခင်ဖြစ်သည်။ ဘုရားသခင်သည် ထာဝရ၊ အကြွင်းမဲ့ သိနားလည်ခြင်း(understanding) ဖြစ်သည်။ သူ၏နားလည်နိုင်စွမ်းတန်ခိုးတွင် အကန့်အသတ်မရှိပါ၊ ထို့အတူ သူ၏ဘုရားစိတ်တော်(mind)အတွင်း တကယ်ပါဝင်နေသောအရာများတွင်လည်း အကန့်အသတ်မရှိပါ။ သူ၏သိနားလည်ခြင်းသည် အကန့်သတ်မဲ့အနန္တဖြစ်သည် (ဆာလံ ၁၄၇း၅)။ ဘုရားသခင့်အသိပညာ၏ ပြုမူလှုပ်ရှားခြင်းများတွင် ပြောင်းလဲခြင်း မရှိပါ၊ ထို့အတူ သူ့အသိပညာတွင် ပါဝင်သောအရာများ၌လည်း ပြောင်းလဲခြင်း မရှိပါ။ တိုးတက်ခြင်း၊ ဆုတ်ယုတ်သွားခြင်း မရှိပါ။ အကန့်သတ်မဲ့အနန္တ ပြည့်စုံခြင်းနှင့်၊ ထာဝရ နိုးကြားထကြွသောအသိပညာဖြင့် ဘုရားသခင်သည် သူ့ကိုယ်သူ သိပါသည်၊ အရာခပ်သိမ်းကိုလည်း သိနေပါသည်။

လူသား၏အသိပညာကိုကြည့်လျှင်၊ မျက်မှောက်ဖြစ်နေသည်ကို လက်ရှိသိနေခြင်း အသိပညာနှင့်၊ သူ၏ဩတ္တပ္ပစိတ်ထဲတွင် မြှုပ်နေသောအသိပညာဟူ၍ ပိုင်းခြား၍ရပါမည်။ သို့သော် ဘုရားသခင့်ထံ၌မူ ထိုသို့ခြားနားခြင်း မရှိပါ။ သူ့ထံတွင် မသိစိတ်ဆိုသည်မျိုး မရှိပါ။ သူ၏အသိပညာနှင့်ပတ်သက်၍ပြောရလျှင်၊ သူသည် နိုးကြားထကြွမှုသက်သက်/လှုပ်ရှားလုပ်ဆောင်နေမှုသက်သက်(pure activity)ဖြစ်ပါသည်။

ထို့အတူ သူ၏အသိပညာတွင် အချိန်ဆိုသောအရာ ရှိမနေပါ။ လူ တွေးခေါ်သောအခါ၊ ဆင်ခြေများမှစ၍ နိဂုံးသို့ရောက်ပါသည်။ သို့သော် ဘုရားသခင့်ထံ၌မူ ဆင်ခြေများအားလုံးနှင့်နိဂုံးများအားလုံးသည် ထာဝရပင် သူ၏ဘုရားစိတ်(divine mind)ရှေ့တွင် ၎င်းတို့၏ သင့်တော်သော ယုတ္တိဗေဒဆက်နွယ်မှုများဖြင့် ရှိနေကြပါသည်။ ထိုသို့ ဘုရားသခင်၏အသိပညာသည် သူ့ဘာသာသူပေါ်လာသော၊ အမှီခိုမဲ့လွတ်လပ်သော အသိပညာဖြစ်ပါသည်။ သူသည် အသိပညာကို ရှိနေသောအရာများမှနေ၍ ရရှိခြင်း မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ အရာအားလုံးကို သူတို့၏အနှစ်သာရအစစ်အမှန်နှင့် ဆက်စပ်ဆက်နွယ်ခြင်းအားလုံးတို့ကို သူ့ဘာသူ သိနေခြင်းဖြစ်ပါသည်။ ထို့အတူပင် သူ၏အလိုဆန္ဒ(will)လည်း ဖြစ်ပါသည်။ ဘုရားသခင်၏အလိုဆန္ဒသည် အလိုဆန္ဒရှိနေသော ဘုရားသခင်ဖြစ်ပါသည်။ ထိုအလိုဆန္ဒသည် ထာဝရဖြစ်သည်၊ အားလုံးအတွက်ပြည့်စုံသည်(all-comprehensive)၊ အကန့်သတ်မဲ့အနန္တဖြစ်သည်၊ မပြောင်းလဲသော၊ လွတ်လပ်အမှီခိုမဲ့သော၊ သူ့ဘာသာသူဖြစ်လာသော အလိုဆန္ဒဖြစ်သည်။ ဘုရားသခင်သည် သူ့ဘာသာသူ အလိုရှိခြင်းဖြစ်သည်၊ အရာအားလုံးကို သူ့နာမည်အတွက် ထာဝရမှထာဝရသို့ အလိုဆန္ဒရှိခြင်းဖြစ်ပါသည်။

ထိုသို့ဖြင့် ထာဝရဖြစ်စွာ၊ ပြည့်စုံစွာ သိနေသော၊ အလိုဆန္ဒရှိနေသော ဘုရားသခင်သည်၊ မိမိ၏အကန့်သတ်မဲ့အနန္တအသိပညာနှင့် အလိုဆန္ဒကို မိမိကိုယ်ကိုသို့ အကောင်းမြတ်ဆုံးအဖြစ် ဆက်ကပ်ပါသည်၊ သူသည် အစွဲရေးတို့၏ သန့်ရှင်းသူဖြစ်ပါသည်။ သန့်ရှင်းသောသူအဖြစ်နှင့် သူသည် ချစ်ခြင်း၊ အမှန်တရား၊ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ ဂရုဏာ၊ ကျေးဇူး၊ စိတ်ရှည်သည်းခံခြင်း၊ ချစ်ခင်သနားကျင်နာခြင်း ဖြစ်ပါသည်။ သူ၏အသက်ရှိသော ကိုယ်ပိုင်သဘောသဘာဝ(personal nature)ထဲတွင် ထိုသို့ဖြစ်ပါသည်။ ထိုသို့ ကျွန်တော်တို့သည် ဘုရားသခင်၏ ကိုယ်ကျင့်တရားသဘောသဘာဝ ဂုဏ်လက္ခဏာများကို နားလည်ရမည်ဖြစ်ပါသည်။ သူ့အထဲတွင်လည်း ထိုသို့ဖြစ်သလို၊ ဖန်ဆင်းခံများနှင့်ဆက်ဆံဆက်နွယ်၍လည်း ထိုသို့ပင်ဖြစ်ပါသည်။ ထိုသို့ခံယူလျှင် ကျွန်တော်တို့သည် ဘုရားသခင်သည် ဘုရားသခင်အမှန်ပင်ဖြစ်သည်ကို သိနားလည်လာနိုင်ကြပါမည်။ သူ့ဘာသာသူထဲ၌ ဘာမှမလိုဘဲ ပြည့်စုံနေသောသူဟု သိလာနိုင်ကြပါမည်။ သူ့ထံမှနေ၍၊ သူ့အားဖြင့်၊ သူ့အတွက် အရာခပ်သိမ်းသည် ဖြစ်လာကြကြောင်း သိလာနိုင်ပါမည်။ သူ့ကို ထာဝရမှထာဝရကာလသို့ ချီးမွမ်းနေရမည်ကို နားလည်လာနိုင်ပါမည် (ရောမ ၁၁း၃၆)။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××၊

*ကျမ်းစာဘာသာပြန်ကဏ္ဍ*

**ဆာလံ ၁၆း၁–၁၁ (ဂျိန်းဘူ့ရင်မူ)**

**ဒေးဗစ်၏ ရွှေ ဆာလံ**

၁ - အိုးဘုရားသခင် အကျွန်ုပ်ကို ကာကွယ်စောင့်ရှောက်တော်မူပါ၊- အဘယ့်ကြောင့်ဆိုသော် ကိုယ်တော့်ထံတွင် အကျွန်ုပ်သည် မိမိအားကိုးခြင်းကို ထားသောကြောင့်ဖြစ်ပါသည်။

၂ - အိုး ငါ၏ ဝိညာဉ်၊ “သင်သည် အကျွန်ုပ်၏သခင်ဖြစ်တော်မူသည်”ဟု ဘုရားသခင်ထံ ပြောပါလော့၊-

၃ - သို့သော် ကမ္ဘာပေါ်တွင်ရှိနေကြသော သန့်ရှင်းသူတို့ထံ၌မူ၊ “ထူးကဲသောသူများဖြစ်ကြသည်၊ သူတို့ထံတွင် ငါ၏ ပျော်ရွှင်ကြည်နူးရခြင်းအားလုံး ရှိနေသည်”ဟုပြောပါလော့။

၄ - အခြားသောဘုရားနောက်သို့ အလျှင်စလို လိုက်သောသူတို့ထံ ဝမ်းနည်းစရာများ တိုးပွားကြလိမ့်မည်၊- သူတို့၏ သွေးစွန်း
သော သောက်စရာ ပူဇော်ခြင်းများကို ငါ ပူဇော်မည်မဟုတ်၊ သူတို့နာမည်များကိုလည်း ငါ့နှုတ်ခမ်းများထဲသို့ ဆောင်ယူမည်
မဟုတ်။
၅ - ဘုရားသခင်သည် ငါ့အမွေ၏ ဝေစုဖြစ်သည်၊ ငါ သောက်ရသော ခွက်လည်းဖြစ်သည်၊- ကိုယ်တော်သည် အကျွန်ုပ်ဝေစုကို
ထိန်းသိမ်းပေးတော်မူပါသည်။
၆ - သာယာသောနေရာတို့၌ ငါ့အတွက် လိုင်းများကို ဆွဲထားပြီ၊- မှန်သည် ငါ့ထံတွင် ကောင်းမြတ်လှသော အမွေရှိပါသည်။
၇ - ငါ့အား အကြံပေးသော ဘုရားသခင်အား ငါ ကောင်းချီးပေးပါမည်၊- ငါ၏ကျောက်ကပ်တို့ကလည်း ငါ့ကို ညအခါများတွင်
သွန်သင်ကြပါသည်။
၈ - ငါသည် ဘုရားသခင်ကို ငါ့ရှေ့၌ အမြဲထားပါသည်၊- အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့ညာဖက်တွင် ရှိသည်၊ ထို့ကြောင့် ငါ
သည် ရွှေ့ရမည်မဟုတ်။
၉ - ထို့ကြောင့် ငါ့နှလုံးသည် ဝမ်းမြောက်ပါသည်၊- ငါ့ဘုန်းကျက်သရေလည်း ဝမ်းသာပါသည်၊- ငါ့အသွေးအသားသည်လည်း မျှော်
လင့်ခြင်းတွင် အနားရပါသည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို ငရဲ၌ ထားခဲ့မည်မဟုတ်ပါ၊- ထို့အတူ ကိုယ်တော့် သန့်ရှင်း
သောသူကိုလည်း ပုတ်သိုးခြင်းအား တွေ့မြင်ဖို့ ခွင့်ပြုမည်မဟုတ်ပါ။
၁၁ - ကိုယ်တော်သည် အကျွန်ုပ်ကို အသက်ရှင်ခြင်းလမ်းအား ပြတော်မူမည်၊- ကိုယ်တော့်ရှေ့မှောက်သည် ဝမ်းမြောက်ရခြင်းတို့၏
ပြည့်စုံခြင်း ဖြစ်ပါသည်၊- ကိုယ်တော့် ညာဖက်တွင် ပျော်ရွှင်ကြည်နူးခြင်း အစဉ်အမြဲ ရှိနေပါသည်။

**ဆာလံ ၁၇း၁–၁၅ (ဂျိန်းဘုရင်မူ)**
ဒေးဗစ်၏ ဆုတောင်း
၁ - မှန်သောအရာအတွက် နားထောင်တော်မူပါ၊ အိုး ဘုရားသခင်၊ အကျွန်ုပ်၏အော်ဟစ်သံကို ဂရုပြုတော်မူပါ၊ ဟန်ဆောင်
သောနှုတ်ခမ်းတို့မှ လာခြင်းမဟုတ်သည့် အကျွန်ုပ်ဆုတောင်းကို ကြားတော်မူပါ။
၂ - အကျွန်ုပ်အပေါ် စီရင်ချက်သည် ကိုယ်တော့် ရှေ့တော်မှ ထွက်လာပါစေသော်၊- ကိုယ်တော့်မျက်လုံးတော်တို့သည် တရားမျှတ
ခြင်းအကြောင်းအရာများကို ကြည့်မြင်ကြပါစေသော်။
၃ - ကိုယ်တော်သည် အကျွန်ုပ်နှလုံးသားကို စစ်ဆေးပြီးသိတော်မူပါပြီ၊- ကိုယ်တော်သည် အကျွန်ုပ်ကို ညအချိန်တွင် အကြည့်အရှု
ကြွတော်မူခဲ့ပြီ၊- ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ဆေးတော်မူခဲ့ပြီ၊ ထို့နောက် ဘာကိုမှ တွေ့တော်မမူခဲ့ပါ၊- အကျွန်ုပ်၏ပါးစပ်ကို
မကျူးလွန်ဖို့ အကျွန်ုပ်သည် ရည်ရွယ်ချက်ပြုခဲ့ပြီဖြစ်ပါသည်။
၄ - လူတို့၏အလုပ်များနှင့်ပတ်သက်၍၊ ကိုယ်တော့်နှုတ်ခမ်းတော်တို့၏စကားတော်အားဖြင့် အကျွန်ုပ်သည် မိမိကိုယ်ကို ဖျက်ဆီး
သူ၏လမ်းတို့မှနေ၍ စောင့်ထိန်းပါသည်။
၅ - ကိုယ်တော့်လမ်းတော်တို့ထဲ အကျွန်ုပ်၏သွားလာနေခြင်းကို ထိန်းသိမ်းပေးတော်မူပါ၊ ထိုသို့ဖြင့် အကျွန်ုပ်၏ခြေလှမ်းတို့သည်
ချော်မကျဘဲနေပါမည်။
၆ - အကျွန်ုပ်သည် ကိုယ်တော့်ကို ခေါ်ခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော် အကျွန်ုပ်ကို ကြားတော်မူပါမည်၊ အိုး
ဘုရားသခင်၊- ကိုယ်တော့်နားတော်ကို အကျွန်ုပ်ဖပ်သို့ တိမ်းတော်မူပါ၊ အကျွန်ုပ်ပြောစကားများကို ကြားတော်မူပါ။
၇ - ကိုယ်တော်၏ အံ့သြစရာကောင်းလှသော ဂရုဏာချစ်ခြင်းအား ပြတော်မူပါ၊ ကိုယ်တော်သည် မိမိတို့၏အားကိုးခြင်းအား ကိုယ့်
တော်ထံ ထားကြသူများကို သူတို့အား ဆန့်ကျင်ထကြွကြသူတို့ထံမှနေ၍၊ မိမိ၏ညာဖက်လက်တော်ဖြင့် ကယ်တင်တော်မူသောသူ
ဖြစ်တော်မူပါသည်။
၈ - အကျွန်ုပ်အား ကိုယ်တော့် မျက်ဆန်ကဲ့သို့ စောင့်ရှောက်တော်မူပါ၊ ကိုယ်တော့် အတောင်တော်တို့၏အရိပ်အောက်တွင် ဖုံး
ကွယ်ပေးထားတော်မူပါ၊
၉ - အကျွန်ုပ်အား ဖိနှိပ်ကြသူ လူဆိုးတို့ထံမှ ဖြစ်ပါသည်၊ အကျွန်ုပ်ဘေးပတ်လည်တွင် ဝိုင်းထားကြသည့် အကျွန်ုပ်အား အလွန်
မုန်းတီးကြသော ရန်သူများထံမှ ဖြစ်ပါသည်။
၁၀ - သူတို့သည် မိမိတို့၏ဆူဝခြင်းထဲတွင် မိမိတို့ကိုယ်ကို ပိတ်လှောင်ထားကြပါသည်၊- မိမိတို့ပါးစပ်များမှလည်း မောက်မာသော
အကြောင်းများကို ပြောနေကြပါသည်။
၁၁ - ယခုအခါ သူတို့သည် အကျွန်ုပ်တို့၏ခြေလှမ်းများထဲတွင် အကျွန်ုပ်တို့ကို ဝိုင်းထားကြပါသည်၊- သူတို့သည် မိမိတို့ မျက်လုံး
များကို မြေကြီးသို့ ကိုင်းညွတ်ထားကြပါသည်၊-
၁၂ - မိမိသားကောင်အတွက် အငမ်းမရဖြစ်နေသော ခြင်္သေ့တကောင်ကဲ့သို့ဖြစ်သည်၊ လျှို့ဝှက်သောနေရာမှ ချောင်းနေသော
ခြင်္သေ့ပျိုကဲ့သို့ ဖြစ်ပါသည်။
၁၃ - ထတော်မူပါ၊ အိုး သခင်၊ သူ့ကို စိတ်ပျက်စေပါ၊ သူ့ကို ကျဆုံးစေပါ၊- ကိုယ်တော့်ဓါးဖြစ်သော လူဆိုးထံမှနေ၍ အကျွန်ုပ်ဝိ
ညာဉ်ကို ကယ်လွှတ်တော်မူပါ၊-

၁၄ - ကိုယ်တော့်လက်ဖြစ်သော လူသားတို့ထံမှ၊ အိုး သခင်၊ ယျွဘဝ၌သာ မိမိတို့၏ဝေစုရှိကြသည့် ကမ္ဘာသားများထံမှ ကယ်လွှတ်တော်မူပါ၊- သူတို့သည် သားသမီးမြောက်များစွာ ရှိကြပါသည်၊ သူတို့အမွေဥစ္စာများကို သူတို့ကလေးငယ်များထံ ထားရစ်ခဲ့ကြပါသည်။
၁၅ - အကျွန်ုပ်အတွက်မူ၊ အကျွန်ုပ်သည် ကိုယ်တော့်မျက်နှာတော်ကို ဖြောင့်မတ်ခြင်း၌ တွေ့မြင်ရပါမည်၊ ကိုယ်တော့်ပုံသဏ္ဍာန်တော်နှင့် အကျွန်ုပ် နိုးထလာသောအခါ၊ အကျွန်ုပ်သည် ကျေနပ်လျှက် ရှိပါမည်။

××××××××××××××××××××××

**တိတု ၂း၁–၁၅ (ဂျိန်းဘုရင်မူ)**
၁ - သို့သော် သင်သည် ကောင်းမွန်သောဩဝါဒနှင့် ကိုက်ညီသောအကြောင်းအရာများကိုသာ ပြောပါ၊-
၂ - အသက်ကြီးသောယောကျ်ားများသည် တည်ငြိမ်အေးဆေးရမည်၊ လေးလေးနက်နက်ဖြစ်ရမည်၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံစိတ်ရှည်ခြင်းတို့၌ မှန်ကန်ရမည်။
၃ - ထို့အတူ အသက်ကြီးသောအမျိုးသမီးများသည်၊ လုပ်ရှားပြုမူခြင်း၌ ရိုသေလေးစားဖွယ်ဖြစ်ရမည်၊ မဟုတ်မမှန်စွပ်စွဲသူများ မဟုတ်ရ၊ ဝိုင်အလွန်အကျွံသောက်သူများ မဖြစ်ရ၊ ကောင်းမြတ်သောအရာများကို သင်ပေးသူများဖြစ်ကြရမည်၊-
၄ - ထိုသို့ဖြင့် သူတို့သည် ငယ်ရွယ်သောအမျိုးသမီးများကို တည်တည်ငြိမ်ငြိမ်နေတတ်ဖို့ သင်ပေးကြပါမည်၊ သူတို့၏ခင်ပွန်းများကို ချစ်တတ်ဖို့၊ သူတို့၏သားသမီးများကိုချစ်တတ်ဖို့ သင်ပေးကြရမည်၊
၅ - အပြောအဆို လိမ္မာသိုသိပ်သော၊ သိက္ခာရှိသော။ အိမ်ကို စောင့်ရှောက်သော၊ ကောင်းမြတ်သော၊ မိမိတို့ခင်ပွန်းများကို နာခံရိုသေသော အမျိုးသမီးများ ဖြစ်လာကြရန် ဖြစ်သည်၊ ထိုသို့ဖြင့် ဘုရားသခင်၏စကားတော်သည် အစော်ကားမခံရဘဲနေပါမည်။
၆ - ငယ်သောယောကျ်ားများသည်လည်း ထိုသို့ပင် တည်ငြိမ်သောစိတ်ရှိကြရန် အလေးအနက် တိုက်တွန်းအားပေးရမည်။
၇ - အရာခပ်သိမ်းတွင် သင်သည် ကောင်းမြတ်ခြင်း၏ပုံစံအဖြစ် နမူနာပြ နေထိုင်ပါ၊- ဩဝါဒတွင် မပျက်ဆီးမယိုယွင်းခြင်း၊ လေးနက်ခြင်း၊ ရိုးသားခြင်းတို့ကို ပြပါ၊
၈ - အပြစ်တင်ဖို့မရှိသော ကောင်းမွန်မှန်ကန်သည့်စကား ပြောပါ၊- ထိုသို့ဖြင့် ဆန့်ကျင်လာသူသည် သင့်အား အပြစ်ပြောဖို့ မရှိသဖြင့် အရှက်ကွဲမည်ဖြစ်သည်။
၉ - မိမိတို့၏သခင်များအား နာခံကြရန် အစေခံများကို တိုက်တွန်းပါ၊ သူတို့ကို အရာအားလုံးတွင် ကျေနပ်စေကြပါ၊- ပြန်၍ ခံမပြောကြနှင့်၊-
၁၀ - ခိုးယူခြင်းမပြုကြနှင့်၊ သို့သော် ကောင်းမြတ်သောသစ္စာရှိခြင်းအားလုံးကို ပြကြလော့၊- ထိုသို့ဖြင့် သူတို့က ငါတို့ ကယ်တင်ရှင်ဘုရားသခင်၏ဩဝါဒများကို အရာအားလုံးတွင် ချီးမွမ်းကြမည်ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းကို ယူဆောင်လာသော ဘုရားသခင်၏ ကျေးဇူးတော်သည် လူအားလုံးထံသို့ ပေါ်လာပြီဖြစ်သည်၊
၁၂ - ငါတို့သည် ဘုရားတရား မကြောက်ရွံ့မရိုသေခြင်းနှင့် လောကဆန်သော တပ်မက်ခြင်းများကို ငြင်းပယ်ကြကာ၊ ဤမျက်မှောက်ကမ္ဘာကြီးထဲ၌၊ တည်ငြိမ်စွာ၊ ဖြောင့်မတ်စွာ၊ ဘုရားတရားကြောက်ရွံ့ရိုသေစွာ နေထိုင်ကြဖို့၊-
၁၃ - ထို ကောင်းချီးနှင့်ပြည့်စုံသော မျှော်လင့်ခြင်းကို စောင့်မျှော်နေကြဖို့၊ ကြီးမြတ်သော ဘုရားသခင်နှင့် ငါတို့ ကယ်တင်ရှင် ယေရှုခရစ်၏ ခန့်နားကြီးမြတ်သော ပြန်ပေါ်လာခြင်းကို စောင့်မျှော်နေကြဖို့ သင်ပေးနေပါသည်၊-
၁၄ - သူသည် မိမိကိုယ်ကို ငါတို့အတွက် ပေးအပ်တော်မူသည်၊ ထိုသို့ဖြင့် သူသည် ငါတို့ကို အားလုံးသော ဒုစရိုက်အပြစ်များထဲမှ ကယ်တင်ပါသည်၊ ထို့နောက် ငါတို့ကို သူ့ထံသို့ ထူးခြားသောလူမျိုး၊ ကောင်းသောအလုပ်များ၌ စိတ်အားထက်သန်ကြသော လူမျိုးအဖြစ် စင်ကြယ်စေပါသည်။
၁၅ - ဤအကြောင်းအရာများကို ပြောလော့၊ ထို့နောက် တိုက်တွန်းလော့၊ အားလုံးသောဩဇာအာဏာနှင့် ဆုံးမပြစ်တင်လော့။ မည်သူကမျှ သင့်ကို အထင်မသေးစေနှင့်။

+++++++++++++++++++++++++

**ဒေသနာကျမ်း ၉း၁–၁၈ (ဂျိန်းဘုရင်မူ)**
၁ - အဘယ့်ကြောင့်ဆိုသော် ငါသည် ထိုအရာအားလုံးကို ငါ့နှလုံးသားတွင် ဆင်ခြင်တွေးတောခဲ့ပါသည်၊ ဖြောင့်မတ်သူများ၊ ပညာရှိများနှင့် ၎င်းတို့၏အလုပ်များ စသည့်အားလုံးသောအရာတို့သည် ဘုရားသခင့်လက်တော်ထဲ၌ရှိကြကြောင်းကို ရှင်းပြနိုင်ဖို့ဖြစ်ပါသည်၊- မိမိတို့ရှေ့တွင် ရှိနေကြသည့်အရာများအားဖြင့် မည်သူကမျှ ၎င်းတို့သည် ချစ်ခြင်းဖြစ်သလော (သို့) မုန်းတီးခြင်းဖြစ်သလော ဆိုသည်ကို မသိနိုင်ကြပါ။
၂ - အားလုံးသောအရာများသည် အားလုံးထံသို့ တူညီစွာရောက်လာကြပါသည်၊- ဖြောင့်မတ်သူထံနှင့် ဆိုးညစ်သူထံ အဖြစ်အပျက်တခု ရှိပါသည်၊- ကောင်းသောသူနှင့် စင်ကြယ်သောသူ၊ မစင်ကြယ်သောသူထံ အဖြစ်အပျက်တခုသာရှိပါသည်၊- ယဇ်ပူဇော်သူထံနှင့် ယဇ်ပူဇော်ခြင်းမပြုလုပ်သူထံ တခုသောအဖြစ်အပျက်သာ ရှိပါသည်၊- ကောင်းသောသူထံကဲ့သို့၊ အပြစ်သားထံလည်း ဖြစ်ပါသည်၊- ကျိန်ဆိုခြင်းပြုသူထံ ဖြစ်သကဲ့သို့ ကျိန်ဆိုကတိပေးခြင်းအား ကြောက်ရွံ့သူထံလည်း ဖြစ်ပါသည်။

၃ - နေအောက်တွင် ပြုသမျှသောအကြောင်းအရာအားလုံးတို့ထဲတွင် ဆိုးညစ်ခြင်းတခု ဖြစ်ပါသည်၊ အားလုံးထံ ဖြစ်ပျက်သည့် တခုသောအဖြစ်အပျက်ဖြစ်သည်၊- မှန်သည်၊ လူတို့၏သားတို့၏နှလုံးသားတို့၌ ပြည့်စုံများပြားသော ဆိုးညစ်ခြင်းတို့ ရှိနေပါသည်၊ သူတို့အသက်ရှင်နေသမျှကာလပတ်လုံး ရူးသွပ်ခြင်းသည် သူတို့နှလုံးသားများထဲတွင် ရှိနေပါသည်၊ ထို့နောက် သူတို့သည် သေခြင်းသို့ သွားကြပါသည်။
၄ - အဘယ့်ကြောင့်ဆိုသော် အသက်ရှင်ကြသူအားလုံးတို့နှင့် ပူးပေါင်းသူထံတွင် မျှော်လင့်ချက်ရှိပါသည်၊- အဘယ့်ကြောင့်ဆိုသော် အသက်ရှင်သောခွေးတကောင်သည် သေနေသောခြင်္သေ့တကောင်ထက် ပို၍ကောင်းပါသည်။
၅ - အဘယ့်ကြောင့်ဆိုသော် ရှင်နေသူတို့က သူတို့ သေကြလိမ့်ဦးမည်ဟု သိကြပါသည်၊- သို့သော် သေသောသူတို့ကမူ ဘာကိုမှ မသိကြတော့ပါ၊ သူတို့ထံတွင် ဆုလာဘ်လည်း မရှိတော့ပါ၊- အဘယ့်ကြောင့်ဆိုသော် သူတို့ကို မှတ်မိသတိရခြင်းသည် ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။
၆ - ထို့အတူ သူတို့၏ချစ်ခြင်း၊ သူတို့၏ မုန်းခြင်း၊ သူတို့၏မနာလိုခြင်း တို့သည့်လည်း ပျက်ဆီးသွားခဲ့ပြီဖြစ်သည်၊- နေအောက်တွင် ပြုသမျှသောအကြောင်းအရာ ဘာတခုအတွက်မျှ သူတို့အတွက် ဝေစု မရှိတော့ပါ။
၇ - သင့်လမ်း သင်သွားပါလေ၊ အစာကို ဝမ်းမြောက်ခြင်းနှင့် စားပါလေ၊ သင့်ဝိုင်ကို ပျော်ရွှင်သောနှလုံးသားနှင့် သောက်ပါလေ၊- အဘယ့်ကြောင့်ဆိုသော် ယခုတွင် ဘုရားသခင်က သင့်အလုပ်များကို လက်ခံသဖြင့် ဖြစ်သည်။
၈ - သင့်ဝတ်ရုံတို့ အမြဲတမ်း ဖြူစင်ကြပါစေ၊- သင့်ဦးခေါင်းသည်လည်း နံ့သာဆီ လိုအပ်ခြင်း မရှိစေနှင့်။
၉ - သင့် အချည်းနှီးမဲ့ဖြစ်သောဘဝ၏ နေ့ရက်များတလျှောက် သင်ချစ်သောဇနီးနှင့် ပျော်ရွှင်ဝမ်းမြောက်စွာ နေထိုင်ပါ၊ ထိုသို့နေခြင်းကို ဘုရားသခင်က သင့်အား နေအောက်တွင်နေထိုင်စဉ် ပေးထားခြင်းဖြစ်သည်၊ သင့်အချည်းနှီးမဲ့ခြင်း နေ့ရက်များတလျှောက် အတွက် ဖြစ်သည်၊- အဘယ့်ကြောင့်ဆိုသော် ထိုသို့နေခြင်းသည် ယခုဘဝ၌ သင့်ဝေစုဖြစ်သည်၊ နေအောက်တွင် သင်ကြိုးစားလုပ်ကိုင်သမျှ၏ ဝေစုဖြစ်သည်။
၁၀ - သင့်လက်ဖြင့် လုပ်စရာတွေ့သည် မှန်သမျှကို အင်တိုက်အားတိုက်လုပ်ပါလော့၊- အဘယ့်ကြောင့်ဆိုသော် သင်သွားရမည့် နေရာ သင်္ချိုင်းတွင် လုပ်ကိုင်ခြင်းမရှိပါ၊ ထို့အတူ ကြံစည်ခြင်း၊ အသိပညာ၊ ဉာဏ်ပညာတို့လည်း မရှိကြပါ။
၁၁ - ငါ ပြန်တွေးပါသည်၊ ထို့နောက် နေအောက်တွင် တွေ့လာသည်မှာ၊ ပြိုင်ပွဲတွင် မြန်သောသူတို့ အနိုင်မရ၊ ထို့အတူ တိုက်ပွဲတွင်လည်း သန်မာသူတို့ အနိုင်မရကြ၊ ပညာရှိတို့၌လည်း အစားအစာမရှိ၊ ထို့အတူ ချမ်းသာသူတို့ထံတွင်လည်း အသိပညာမရှိပြန်၊ တတ်ကျွမ်းသူတို့ကိုလည်း မျက်နှာသာမပေးကြ၊- သို့သော် အချိန်နှင့်တိုက်ဆိုင်ခြင်းသည် သူတို့အားလုံးထံတွင် ဖြစ်ပျက်နေပါသည်။
၁၂ - အဘယ့်ကြောင့်ဆိုသော် လူသည် သူ့အချိန်ကို မသိပါ၊- ငါးတို့သည် ဆိုးညစ်သောပိုက်ကွန်ထဲ မိသကဲ့သို့၊ ငှက်တို့သည်လည်း ကျော့ကွင်းထဲ မိတတ်ကြသကဲ့သို့၊- ထို့အတူ လူ၏သားတို့သည်လည်း ဆိုးညစ်သောအချိန်တွင် ကျော့မိကြပါသည်၊ ၄င်းသည် သူတို့အပေါ်သို့ ရုတ်တရက် ကျလာတတ်ပါသည်။
၁၃ - ထိုဉာဏ်ပညာကို ငါသည် နေအောက်တွင် ရှာတွေ့ပါသည်၊ ၄င်းသည် ငါ့အတွက် ကြီးမြတ်သယောင် ရှိပါသည်၊-
၁၄ - မြို့ငယ်တမြို့ရှိသည်၊ လူအနည်းငယ်သာ နေထိုင်ကြသည်၊- ထိုမြို့ကို ကြီးသောဘုရင်ကြီးတပါးက ဆန့်ကျင်တိုက်ခိုက်သည်၊ ဝိုင်းထားသည်၊ ၄င်းကို အောင်နိုင်ဖို့ ကြီးသောမြေကတုတ်များ တူးထားသည်၊-
၁၅ - ထိုမြို့ငယ်တွင် ဆင်းရဲသောပညာရှိတဦး ရှိသည်၊ သူ့ဉာဏ်ပညာဖြင့် မြို့ကို ကယ်တင်ခဲ့သည်၊- သို့သော် မည်သူကမျှ ထိုဆင်းရဲသားပညာရှိကို သတိမရကြတော့ပါ။
၁၆ - ထို့နောက် ငါပြောပါသည်၊ “ဉာဏ်ပညာသည် ခွန်အားထက် ပိုကောင်းသည်၊- သို့သော်လည်း ဆင်းရဲသူ၏ဉာဏ်ပညာသည် အထင်သေးခံရပါသည်၊ သူ့စကားတို့ကို မည်သူကမှ နားမထောင်ကြပါ။”
၁၇ - လူမိုက်တို့အကြား အုပ်စိုးနေသူ၏ အော်ဟစ်နေသောအသံထက်၊ ပညာရှိသောသူတို့၏စကားလုံးများကို တိတ်ဆိတ်စွာ နားထောင်ကြပါသည်။
၁၈ - ဉာဏ်ပညာသည် စစ်လက်နက်များထက် ပိုကောင်းပါသည်၊- သို့သော် အပြစ်သားတဦးက ကောင်းမြတ်ခြင်းအများအပြားကို ဖျက်ဆီးပစ်နိုင်ပါသည်။

+++++++++++

### သခင်ဘုရား၏နေ့ (၃၈)

၁၀၃။ ဘုရားသခင်က စတုတ္ထပညတ်တော်၌ မည်သည်ကိုတောင်းဆိုပါသနည်း?

ပထမ၊ ဧဝံဂေလိတရားဟောခြင်းအမှုတော်နှင့် ကျောင်းများကို ထိန်းသိမ်းစောင့်လျှောက်ရမည်။ အထူးသဖြင့် ကျွန်ုပ်သည် ခရစ်ယာန်တယောက် ဖြစ်လာသည်နှင့်အညီ အနားယူရာနေ့၌ နှုတ်ကပတ်တော်ကြားနာရန်၊ ပွဲတော်မင်္ဂလာများကိုသုံးဆောင်ရန်၊ သခင်ဘုရားအား လူသိရှင်ကြားဝတ်ပြုရန်၊ ထို့အပြင် ဆင်းရဲသူများအားကူညီဖို့ အလှူငွေထည့်ရန် ဘုရားကျောင်းသို့ ဖွဲ့ရှိစွာ မကြာခဏသွားရမည်။ ဒုတိယအနေနှင့် ကျွန်ုပ်သည် ဘဝတလျှောက်လုံး ဆိုးညစ်သောအကျင့်များ ကျူးလွန်ခြင်းမှရပ်စဲလျှက်၊ ကျွန်ုပ်အထဲ၌ သူ၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့် လုပ်ဆောင်ပေးခြင်းကိုခံယူရန် ဘုရားသခင်၏အလိုတော်ကို ဝန်ခံမည်၊ ထိုသို့ဖြင့် ထာဝရအနားယူခြင်းနေ့သည် ယခုဘဝ၌ပင် စတင်မည်ဖြစ်၏။
(တရား ၁၂း၁၉၊ တိ ၁း၅၊ ၁တိ ၃း၁၄-၁၅၊ ၁ကော ၉း၁၁၊ ၂တိ ၂း၂၊ ၁တိ ၃း၁၅၊ ဝတ် ၂၃း၃၊ တမန် ၂း၄၂၊၄၆၊ ၁ကော ၁၄း၁၉၊၂၉၊၃၁၊ ၁ကော ၁၁း၃၃၊ ၁တိ ၂း၁၊ ၁ကော ၁၆း၂၊ ဟေ ၆၆း၂၃)